# ကြေးမုံ
The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ သောကြာနေ့။ Friday, 15 December 2023 ၁၁၃၁၀


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက် လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီဆောင်ရွက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့ကျရောက်သော (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့် ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို “အမျိုးသားရေးတာဝန်” တစ်ရပ်အဖြစ် သတ်မှတ်ပြီး တာဝန်ကျဝန်ထမ်းများသာမက နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ) စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

**တစ်လသား ကလေးငယ်၏ ဦးခေါင်းမှ ပန်းသီးလုံးပမာဏ ပြည်လုံးကြီးကို ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံကြီးတွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့**

စာမျက်နှာ » ၄

**သူများနိုင်ငံကို ဝေဖန်ချင်ရင် အဲဒီနိုင်ငံရဲ့ သမိုင်းကြောင်းကို သေချာလေ့လာ၊ ကိုယ်တိုင်က ကျင့်ဝတ်တို့၊ နိုင်ငံတကာ သဘောတူညီချက်တွေကို လိုက်နာရတယ် မောင်ဟိုဆေးရ**

ဆောင်းပါး စာမျက်နှာ » ၇

**၂၀၂၄ ခုနှစ် နှစ်စရက်မှစတင်ကာ ကိုဗစ်ကြောင့် ရပ်နားထားခဲ့ရသော ကုန်တင်ယာဉ်များ မှတ်ပုံတင်ခြင်း ပြန်လည်လုပ်ဆောင်ပေးမည်**

စာမျက်နှာ » ၈

**မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အကြမ်းဖက်မှုအားလုံးရဲ့ ထက်ဝက်ခန့်ဟာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက ကျူးလွန်နေခြင်းဖြစ်...**

ဆောင်းပါး စာမျက်နှာ » ၁၂




ကြေးမုံ

# စာပေစွမ်းအားဖြင့် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်

မြန်မာစာသည် မြန်မာလူမျိုးတို့၏ အသက်ဝိညာဉ်ဖြစ်သည်။ စာပေယဉ်ကျေးမှု မရှိသောလူမျိုးသည် အသက်ဝိညာဉ်ကင်းမဲ့သော ရုပ်ကိုယ်ခန္ဓာနှင့်တူသည်။ စာပေယဉ်ကျေးမှု ထွန်းကားသောလူမျိုးသည် ကမ္ဘာပေါ်တွင် တင့်တောင့်တင့်တယ် နေထိုင်နိုင်သော လူမျိုးအဖြစ် ရပ်တည်နေနိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများသည်လည်းကောင်း စာပေယဉ်ကျေးမှု ထွန်းကားစည်ပင်နေစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်နေကြသည်။

မြန်မာစာပေသည် လွန်ခဲ့သောနှစ်ပေါင်း ၉၀၀ ကျော်ကာလ ပုဂံခေတ်ကတည်းက စတင်ခဲ့သည်။ မြစေတီကျောက်စာသည် မြန်မာစာပေသမိုင်းတွင် ရှေးအကျဆုံးသော မြန်မာစာပေအဖြစ် မှတ်တမ်းတင်ထားသည်။ ပုဂံခေတ်တွင်ပင် စကားပြေအရေးအသားအဆင့်အတန်း တစ်စတစ်စမြင့်မားလာခဲ့သည်။ ကာချင်း၊ ရတုများကို ပင်းယခေတ်တွင် စတင်ဖွဲ့သီရေးသားလာသည်။ အင်းဝခေတ်တွင် ပျို့၊ ကဗျာ၊ လင်္ကာ၊ ချောင်း၊ မော်ကွန်း၊ ရတု၊ မေတ္တာစာစသည့် ဖွဲ့သီမှုတို့ ပေါ်ထွန်းလာသည်။ ထိုမှစ၍ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်မှသည် ကိုလိုနီ၊ စစ်အတွင်း၊ လွတ်လပ်ပြီးခေတ်ကာလတစ်လျှောက် မြန်မာစာပေသည် မှေးမှိန်သွားခြင်းမရှိဘဲ အစဉ်အဆက် ထွန်းလင်းတောက်ပလာခဲ့သည်။

ခေတ်အဆက်ဆက် စာဆိုတော်များ၏ စွမ်းပကားများသည် မြန်မာနိုင်ငံသမိုင်းကြောင်းတစ်လျှောက်တွင် စစ်မှန်သည့်ခွန်အားများ ဖြစ်စေခဲ့သည်။ စာဆိုတော်များသည် အသိပညာ ဗဟုသုတ တိုးပွားလာစေရန်၊ ဆင်ခြင်တုံဉာဏ်အား မြင့်မားလာစေရန်၊ တိုင်းချစ်ပြည်ချစ်စိတ် တိုးပွားလာစေရန်၊ ဇာတိသွေး ဇာတိမာန် ထက်သန်လာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးတတ်စေရန်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်စေရန် စာပေစွမ်းပကားဖြင့် ဖြည့်ဆည်းပေးခဲ့သည်။

“စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ကြောင်း၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ပါကြောင်း၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေများ ဖြစ်ကြပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊ ‘ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်’ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်း လိုက်နာပြီး ယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်” ကို ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အသိပေးပြောကြားခဲ့သည်။

မြန်မာစာပေယဉ်ကျေးမှု ထွန်းလင်းတောက်ပြောင်ပြီး တည်တံ့ထွန်းကားနေစေရန်နှင့် နိုင်ငံနှင့် လူမျိုးကို အကျိုးပြုနိုင်စေရန်အတွက် စာပေပညာရှင်ကြီးငယ်များက ကောင်းမွန်သောစေတနာများဖြင့် အစဉ်ပြုစု ရေးသားထုတ်ဝေလျက်ရှိသည်။ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ခေတ်အမြင်၊ ခေတ်အတွေး မည်သို့ပင် ပြောင်းလဲတိုးတက်လာသည်ဖြစ်သော်လည်း မြန်မာစာပေကို ပစ်ပယ်မထားဘဲ စာပေကို မြတ်နိုးတန်ဖိုးထားကြမှသာ မြန်မာစာပေသည် မတိမ်မြုပ်ဘဲ ထွန်းလင်းတောက်ပကာ နိုင်ငံနှင့် လူမျိုးကို အကျိုးပြုပြီး နိုင်ငံတော် တည်တံ့ခိုင်မြဲ သာယာဝပြောမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စာပေပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုနှင့် ထူးချွန်ပြောင်မြောက်မှုကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်လျက်ရှိသည့်နည်းတူ နိုင်ငံသူ နိုင်ငံသားများကလည်း မြန်မာစာပေကို တန်ဖိုးထားလေ့လာဆည်းပူးကြပြီး မိမိဘဝ၊ မိမိနိုင်ငံကို မြှင့်တင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့်အနာဂတ်၊ ကောင်းမွန်သည့်ပစ္စုပ္ပန်ကိုတည်ဆောက်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံသူ နိုင်ငံသားများ၏ ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားစေရန် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေးအားနည်းမှု၊ ပညာရေးအားနည်းသည်နှင့်အမျှ တွေးခေါ်မြော်မြင်နိုင်မှု လိုအပ်ချက်များရှိနေသည်။

အဆိုပါလိုအပ်ချက်များကို ပြုပြင်ရန်အတွက် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ခေတ်စနစ်နှင့်လျော်ညီစွာ တွေးခေါ်မြော်မြင်နိုင်စွမ်းများ တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် စာအုပ်စာပေများကို လက်လှမ်းမီစွာရရှိနိုင်စေရန်၊ စာပေကို တန်ဖိုးထားပြီး အလေးထားဖတ်လာကြစေရန် သက်ရှိထင်ရှားစာပေပညာရှင်ကြီးများ၊ မြန်မာစာပေနယ်ပယ်မှ စာပေရေးသားပြုစုနေကြသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိသူများ၊ စာကြည့်တိုက်များနှင့် စေတနာရှင်များ၊ ဝါသနာရှင်များက ဝိုင်းဝန်းကူညီကြရန်လိုအပ်ပါသည်။

စာပေသည် နယ်ပယ်အားလုံး၏ ယဉ်ကျေးမှုအမြုတေရတနာဖြစ်သည်။ စာပေစွမ်းအားဖြင့် နိုင်ငံနှင့် လူမျိုး စိတ်ဓာတ်နှင့်စွမ်းပကားများ မြင့်မားလာအောင် ပြုလုပ်ပေးနိုင်သည်။ ထို့ကြောင့် စာပေစွမ်းပကားများဖြင့် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တန့်ယန်းမြို့နယ်၌ သံဃာ့ဆေးရုံ နှစ်ထပ်ဆောင်သစ် ရတနာအုတ်မြစ်စီမင်္ဂလာ ပြုလုပ်

တန့်ယန်း ဒီဇင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ဆရာတော်ကြီးများ ဦးဆောင်မှုဖြင့် သံဃာ့ဆေးရုံ နှစ်ထပ်ဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် ရတနာအုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ပြုလုပ်သည်။



အဆိုပါ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ဖွင့်လှစ်ပြီး တောင်တန်းသာသနာပြု ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုခမိန္ဒထံမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်နိုင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ရတနာရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်များနှင့် လှူဒါန်းဖွယ်ရာများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာတို့တွင် ရတနာအုတ်မြစ်စီပေးကြသည်။

အဆိုပါ သံဃာ့ဆေးရုံ နှစ်ထပ်ဆောင်သစ်သည် အလျားပေ ၅၀၊ အနံပေ ၄၀ ရှိ အာစီအမျိုးအစားဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး (ပြန်/ဆက်)**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ သွားကျန်းမာရေး ကွင်းဆင်းကုသပေး

ကျောင်းကုန်း ဒီဇင်ဘာ ၁၄

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာများနှင့် ကျောင်းသား ကျောင်းသူများက ကျုံပျော်ခရိုင် ဒေါင့်ကြီးကျေးရွာ သီတဂူဓမ္မဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက် ၉ နာရီခန့်က သွားကျန်းမာရေး ပညာပေးခြင်း၊ သွားကျန်းမာရေး စစ်တမ်းကောက်ယူခြင်းနှင့် ဆေးကုသမှုပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်မှုကို ဝန်ကြီးချုပ်ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်းက ပေးအပ်ရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရွှေတိုးက လက်ခံရယူခဲ့သည်။



အဆိုပါ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာများ၊ ကျောင်းသား ကျောင်းသူများအဖွဲ့သည် ကျန်းမာရေး ပညာပေးခြင်း၊ သွားကျန်းမာရေးစစ်တမ်း ကောက်ယူခြင်းနှင့် လူနာ ၁၂၈ ဦးတို့အား သွားဘက်ဆိုင်ရာ ဆေးကုသမှုပေးခြင်းတို့ဆောင်ရွက်ပေးရာသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဧရာဝတီတိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၊ ကျောင်းကုန်းမြို့နယ် ကုသရေးဦးစီးဌာနမှူးနှင့် ကျောင်းကုန်းမြို့နယ်ဆေးရုံ သွားဘက်ဆိုင်ရာဆရာဝန်တို့က ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၇၀၀ | ၈၇၈ | ၇,၅၃၃,၁၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၂,၇၃၇ | ၇,၈၀၃,၅၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၁၃၄ | ၉၉၁,၆၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၃၃ | ၅၂,၈၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၇၇၂ | ၁,၅၀၆,၅၀၀ |
| AMATA | ၄,၆၀၀ | ၄,၈၀၀ | ၃၃၀ | ၁,၅၂၁,၀၀၀ |
| MAEX | ၁,၇၀၀ | ၁,၆၅၀ | ၆၈၀ | ၁,၁၃၁,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဒီဇင်ဘာလ(၁၅)ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ရခိုင်တိုင်းရင်းသားအားလုံး၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ရခိုင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ရာ (၄၉)နှစ်တိုင်ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိပြီး သဘာဝသယံဇာတများ ပေါကြွယ်ဝခြင်း၊ အဖိုးတန်ထွက်ကုန်များ ထုတ်လုပ်နိုင်ခြင်းတို့အပြင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် စိမ်းလန်းသာယာသည့် ပတ်ဝန်းကျင်ရှုခင်းများဖြင့် သာယာလှပသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းကားပြန့်ပွားရာဒေသဖြစ်ပြီး "သဇင်ပန်းခိုင် တစ်မြိုင်မြိုင် ရခိုင်ဘုရားပေါင်း"ဆိုသည့်စကားအတိုင်း ရှေးဟောင်းစေတီပုထိုးများနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ ပေါကြွယ်ဝသောပြည်နယ်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရေးပေါ်ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စတင်တာဝန်ယူသည့်အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အဆင့်ဆင့်ချမှတ်ခဲ့ရာ လက်ရှိတွင်လည်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကိုရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါသည်။ **"တိုင်းပြည်သာယာဝပြောရေး"**နှင့် **"စားရေရိက္ခာဖူလုံရေး"**ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဦးတည်ထားရှိပြီး **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး"** နှင့် **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး"**ကို နိုင်ငံရေးရည်မှန်းချက်အနေဖြင့် ချမှတ်ထားရှိပါသည်။ ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ပြည့်ဝစေရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့် တစ်သားတည်းရှိပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် "ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ"ကို ဖွဲ့စည်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီအမံများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ်၊ မေလအတွင်း အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်ခဲ့၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပင်လယ်ပြင်တွင် မုန်တိုင်းအစပျိုးဖြစ်စဉ်စတင်ကတည်းကပင် လိုအပ်သည့် စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ခဲ့ကာ ရေးဆွဲထားပြီးဖြစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ပါအတိုင်း မုန်တိုင်းဖြတ်သန်းရာဒေသများ၌ ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ကြိုတင်စီမံဆောင်ရွက်ခဲ့ပါသည်။

ဒေသခံပြည်သူများအတွက် ဆန်ရိက္ခာများ ကြိုတင်စုဆောင်းထားပြီး အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရန် အသင့်ပြင်ဆင်ထားခြင်း၊ မုန်တိုင်းဝင်ရောက်နိုင်သည့် ခန့်မှန်းနေရာများအလိုက် သတိပေးခြင်းနှင့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မုန်တိုင်းလမ်းကြောင်းတွင်ရှိသည့်ပြည်သူများကို ဘေးလွတ်ရာနေရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခဲ့ခြင်း စသည်တို့ကို စနစ်တကျ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းနှင့် နှိုင်းယှဉ်ပါက လေတိုက်နှုန်းပိုမိုပြင်းထန်သော်လည်း သေဆုံးမှု၊ ဆုံးရှုံးမှုများသည် အဆပေါင်းများစွာ လျော့နည်းခဲ့ပါသည်။ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ တပ်မတော်နှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်တွင်းပြည်ပနိုင်ငံများမှ စေတနာရှင်များ၏ လှူဒါန်းမှု၊ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ရာ အချိန်တိုအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မိမိတို့ရည်မှန်းထားသည့်အတိုင်း ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသည်မှာ ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသတိုင်းရင်းသားပြည်သူများအပေါ် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပြသနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် မိုခါမုန်တိုင်းအပြီးတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၈)မြို့နယ်သို့ မျိုးစပါးတင်းရေ(၇၃၀၀၀)ကျော်ကို စိုက်ပျိုးရာသီအမီ ပို့ဆောင်ပေးနိုင်ခဲ့သောကြောင့် ယခုနှစ်တွင် မိုခါမုန်တိုင်း သဘာဝဘေးဒဏ်ခံခဲ့ရသော်လည်း မိုးစပါးစိုက်ဧက လျာထားချက်ထက် ဧက(၃၀၀၀)ကျော် ပိုမိုတိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးထုတ်ကုန်များကိုလည်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ငါး၊ ပုစွန်နှင့် ရေထွက်ကုန်ပစ္စည်းများကို အောင်မြင်အောင် ထုတ်လုပ်ဆောင်ရွက်နိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝထွက်ကုန်များဖြစ်သော သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးပြီး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက KG+9 အထိ မသင်မနေရပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း အခြေခံပညာတတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်လာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ရခိုင်ပြည်နယ်သည် ဘက်စုံကဏ္ဍမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ရခိုင်ပြည်နယ်သည် ယခင်ကတည်းက လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်၌ အခက်အခဲများစွာရှိခဲ့သဖြင့် တပ်မတော်အစိုးရလက်ထက်မှ ယခုအချိန်အထိ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိနေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ပြည်ပစွက်ဖက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး အဓိပ္ပာယ်မဲ့ပစ်ခတ်တိုက်ခိုက် နှောင့်ယှက်ဖျက်ဆီးမှုများ ပဋိပက္ခများ၏ဆိုးကျိုးကို ဒေသခံတိုင်းရင်းသားများကိုယ်တိုင် ခံစားနေကြရပါသည်။

တည်ငြိမ်အေးချမ်းမှု မရှိသမျှကာလပတ်လုံး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှာ အလှမ်းဝေးနေမည်သာဖြစ်ပြီး တစ်ဦးချင်းအခွင့်အရေး၊ အခွင့်အလမ်းများလည်း ဆုံးရှုံးမှုများ ကြုံတွေ့နေမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားရေးခံယူချက်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လက်ရှိပစ္စုပ္ပန်နှင့် နောင်အနာဂတ်အတွက် နိုင်ငံရေးရည်မှန်းချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များကို ချမှတ်ထားပြီးဖြစ်ရာ ပြည်သူများလိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီ လျှောက်လှမ်းရာခရီးတွင် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး အေးအတူ၊ ပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ကြရင်း အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့်သာ တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် NCAလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ ဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့် တိုင်းရင်းသားများနှင့် အတူ ယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့သည် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ် ဖြစ်ပါသည်။

ရခိုင်ပြည်သူ ပြည်သားများ အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ပြည်နယ်သူ၊ ပြည်နယ်သားများ၏အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုး ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကိုဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**"ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့် တိုင်းရင်းသားများနှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့သည် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်ဖြစ်"**

**"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လက်ရှိပစ္စုပ္ပန်နှင့် နောင်အနာဂတ်အတွက် နိုင်ငံရေးရည်မှန်းချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များကို ချမှတ်ထားပြီးဖြစ်ရာ ပြည်သူများလိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီ လျှောက်လှမ်းရာခရီးတွင် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး အေးအတူ၊ ပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ကြရင်း အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့်သာ တည်ဆောက်သွားကြရမည်"**

✪ တရားမဝင်မှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

(၁၂)ကြိမ်ရှိပြီဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၁၂)ကြိမ်ရှိပြီ ဖြစ်ကြောင်း၊ ယခင်အစည်းအဝေး(၁၁)ကြိမ်က ဆုံးဖြတ်ချက်(၃၉၁)ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဖမ်းဆီးရမိ အမှုတွဲ (၄၂၃၂)မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၀၅၆ ဘီလီယံနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ဖမ်းဆီးရမိ အမှုတွဲ (၅၇၅၃)မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇ ဒသမ ၄၄၇ ဘီလီယံတို့ဖြစ်ပြီး တာဝန်ယူခဲ့သည့် (၂၃)လ ကာလအတွင်း ဖမ်းဆီးရမိ အမှုတွဲပေါင်း (၉၉၈၅)မှုနှင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂ ဒသမ ၅၀၃ ဘီလီယံ ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုကို**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့**က အဓိပ္ပာယ်ဖွင့် ဆိုရာမှာ **“နိုင်ငံတကာဥပဒေတွေအရ သတ်မှတ်ထားသည့် တရားမဝင်ကုန်စည်များကို ထုတ်လုပ်ခြင်း၊ဝယ်ယူခြင်း၊ရောင်းချခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံရရှိခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းနှင့် အဆိုပါဆောင်ရွက်ချက်များကို အားပေးရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို တရားမဝင်ကုန်သွယ်မှု** ” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရကြောင်း။

မည်သည့်နိုင်ငံတွင်မဆို နိုင်ငံ၏ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူတို့က အဓိကနေရာကပါဝင်ပြီး နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေး၊ အကောက်ခွန်နှင့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအတွက် ဘေးကင်းစိတ်ချရသည့် ကုန်စည်များ အာမခံချက်ပေးနိုင်ရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများ လုံးဝပပျောက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြပြီး ကမ္ဘာ့နိုင်ငံများရှိ အစိုးရများအနေဖြင့်လည်း မက်ခရိုစီးပွားရေး တည်ငြိမ်မှုကို ခြိမ်းခြောက်လာသည့် တရားမဝင်ကုန်သွယ်မှုများကို ပပျောက်စေရန် အထူးအာရုံစိုက်ဆောင်ရွက်လာသည်ကို တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် နိုင်ငံအတွင်း MSMEs နှင့် စက်မှုဇုန်များက သွင်းကုန်အစားထိုးထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန်၊ နိုင်ငံ့ဝင်ငွေနှင့်သုံးစွဲငွေ မျှတရန်အတွက် ပို့ကုန်တင်ပို့မှု ပိုမိုအားကောင်းစေရန်နှင့် ကုန်ကြမ်းပစ္စည်းများ တင်ပို့ခြင်းထက် စက်မှုထွက်ကုန် တစ်နည်းအားဖြင့် Supply Chain မှ Value Added ကုန်ချောပစ္စည်းများ တင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပြည်ပနိုင်ငံများတွင် စက်မှုထုတ်ကုန်ချောများ ဈေးကွက်လိုအပ်ချက်နှင့်အညီ အမြောက်အမြား ထုတ်လုပ်ကြသည့်အတွက် ပစ္စည်းတစ်ခုချင်း၏ ကုန်ကျမှုတန်ဖိုးအနေဖြင့် ပိုမိုသက်သာမှုရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိနိုင်ငံအတွင်း ထုတ်လုပ်သည့် စက်မှုထွက်ကုန်ချောများအနေဖြင့် ထုတ်လုပ်နိုင်မှု အားနည်းချက်၊ ကန့်သတ်ချက်များရှိခဲ့ပါက ပစ္စည်းတစ်ခုချင်း၏ ကုန်ကျစရိတ်တန်ဖိုးအနေဖြင့် ဈေးနှုန်းကြီးမြင့်ပြီး ပြည်ပက တရားမဝင်တင်သွင်းလာမှုများကို ယှဉ်ပြိုင်နိုင်မှုမရှိဘဲ စက်မှုဇုန်ကုန်ထုတ်လုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ရှိလာနိုင်ကြောင်း။

ထို့ကြောင့် ပြည်တွင်းသုံးအပြင် ထုတ်လုပ်ကုန်ချောပစ္စည်းများကို ပို့ကုန်အဖြစ်တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပက တရားမဝင်ကုန်ချောပစ္စည်းများ တင်သွင်းလာမှုကိုလည်း စနစ်တကျ တားဆီးစစ်ဆေးအရေးယူရမည်ဖြစ်ပြီး ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှ ကုန်ချောတင်သွင်းမှုများကို သက်ဆိုင်ရာဌာနများက အခွန်နှုန်းထားများ မြှင့်တင်တားမြစ်ခြင်းနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများဖြင့် လိုက်လျောညီထွေရှိသည့် တားဆီးမှုများကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက် ရရှိမည့်အခွန်အခများဆုံးရှုံးခြင်း၊ ကုန် သွယ်မှုဆိုင်ရာ စာရင်းဇယား ကိန်းဂဏန်းအချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ်စနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်း မတည်ငြိမ်မှုဖြစ်ပေါ်နိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင်တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန် ကုန်စည်များကြောင့် သုံးစွဲသူ ပြည်သူများ ထိခိုက်နစ်နာမှုဖြစ်ပေါ်နိုင်ခြင်း စသည့် ဆိုးကျိုးများအပြင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ထိခိုက်ကျဆင်းစေနိုင်ပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် မိမိတို့အားလုံးက “ **အမျိုးသားရေးတာဝန်** ” တစ်ရပ်အဖြစ် သတ် မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခင်ကျင်းပခဲ့သည့် (၅/၂၀၂၃)ကြိမ်မြောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်း အစည်းအဝေးနောက်ပိုင်း ယနေ့အချိန်အထိ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့က ခဲသတ္တုများကို တရားမဝင် တူးဖော်ပြီး ပြည်ပတင်ပို့နေကြောင်း ဖော်ထုတ်ရရှိသည့် သတင်းအရ ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ခဲသတ္တုတန်ချိန် ၁၂၃ ဒသမ ၉၀၄ တန်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၁၇ ဘီလီယံကို ဖမ်းဆီးနိုင်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနကလည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် စင်ကာပူနိုင်ငံမှလာသည့် လေယာဉ်တွင် လိုက်ပါလာသည့် ခရီးသည် သုံးဦးကို သတင်းအရ စောင့်ကြည့်စိစစ်ရှာဖွေခဲ့ရာ ရွှေ ၁၆ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ၊ iPhone ၂၅၉ လုံး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၄၆ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့သည့် ထူးထူးခြားခြား ဖြစ်စဉ်များကို တွေ့ရကြောင်း၊ ယင်းဖြစ်စဉ်ကို ကြည့်ပါက သတင်းရရှိမှုသည် အဓိကအရေးကြီးကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရာတွင် သတင်းအချက်အလက် ရရှိရေးသည် အရေးပါသည့်အတွက် သတင်းပေးသူများကို ဆုကြေးငွေ မြန်မြန်ဆန်ဆန် ချီးမြှင့်ပေးပြီး သတင်းကွန်ရက် တည်ဆောက်ထားကြရန်နှင့် ရရှိသည့်သတင်းများကို အကျိုးရှိစွာ အသုံးချ တားဆီးစစ်ဆေးအရေးယူကြရန် လိုကြောင်း။

အချင်းချင်း သတင်းဖလှယ်

ထို့ပြင် အိန္ဒိယနိုင်ငံ အကောက်ခွန်က မြန်မာ အကောက်ခွန်ဌာနသို့ သတင်းပေးပို့မှုကြောင့် ရန်ကုန် လေဆိပ်တွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိသည်မှာ နှစ်ကြိမ်ရှိပြီ ဖြစ်ကြောင်း၊ ထိုသို့နိုင်ငံအချင်းချင်း၊ ဌာနဆိုင်ရာအချင်းချင်း သတင်းဖလှယ်ပြီး ဖော်ထုတ် ဖမ်းဆီးနိုင်မှုများစွာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးနှင့် လက်နက်များ တရားမဝင်ကုန်သွယ်မှုကို နိုင်ငံအချင်းချင်း၊ ဌာနဆိုင်ရာအချင်းချင်း သတင်းဖလှယ်ဆက်လက်ဖော်ထုတ် ဖမ်းဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ကုန်သွယ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရမည့် ကုမ္ပဏီတည်ထောင်ခြင်းအတွက် MyCo (မိုင်ကို)စနစ်၊ ပို့ကုန်သွင်းကုန် မှတ်ပုံတင်ခြင်းနှင့် လိုင်စင်လျှောက်ထားခြင်းအတွက် Myanmar Trade Net 2.0 စနစ်၊ ပို့ကုန်သွင်းကုန်ကြေညာလွှာ လျှောက်ထားခြင်းအတွက် MACCS စနစ်၊ ပြည်ပသို့ ငွေလွှဲပြောင်းခြင်းနှင့် ပြည်ပမှငွေလက်ခံခြင်းအတွက် Online Matching စနစ်များ ထူထောင်ထားရှိပြီး ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှု လုပ်ငန်းစဉ်တစ်ခုလုံးကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်အောင် အစိုးရဌာနများက ချိတ်ဆက်ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း၊ **စာမျက်နှာ ၅ သို့** ✪

**“ တရားမဝင် ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက်ရရှိမည့်အခွန်အခများ ဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားကိန်းဂဏန်း အချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ်စနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်း မတည်ငြိမ်မှုဖြစ်ပေါ်နိုင်ခြင်း၊ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင်တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန်ကုန်စည်များကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှု ဖြစ်ပေါ်နိုင်ခြင်း စသည့်ဆိုးကျိုးများအပြင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ထိခိုက်ကျဆင်းစေနိုင်ပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် မိမိတို့အားလုံးက “ အမျိုးသားရေးတာဝန် ” တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည် ”**

# တစ်လသားကလေးငယ်၏ ဦးခေါင်းမှ ပန်းသီးလုံးပမာဏ ပြည်လုံးကြီးကို ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံကြီးတွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့

ရန်ကုန် ဒီဇင်ဘာ ၁၄

တစ်လသားကလေးငယ်ကို ခေါင်းတုံးပေးရာမှ အရေပြားထိခိုက်မှုကြောင့် ဦးခေါင်းတွင် ပန်းသီးလုံးကြီးပမာဏ ပြည်လုံးကြီးဖြစ်ပေါ်ခဲ့ရာ ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဒီဇင်ဘာ ၁၃ရက်က အောင်မြင်စွာ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ယင်းဆေးရုံမှသိရသည်။

ဖြစ်စဉ်မှာ တောင်ကလေးရွာဘက်တွင် မွေးဖွားသော တစ်လအရွယ်ခန့်ကလေးငယ်အား ဆံပင်မသန့်မည်စိုး၍ ခေါင်းတုံးပေးရာ အရေပြားထိခိုက်မှုဖြစ်၍ သွေးစသွေးနများထွက်လာသဖြင့် သွေးတိတ်ရန် နနွင်းမှုန့်နှင့် ဆေးဖက်ဝင်သည့်အရွက်များကို ပါးစပ်နှင့်ဝါးကာ ဒဏ်ရာကိုအုံပေးထားရာမှ ပြည်တည်ခြင်းအစပြုခဲ့ကြောင်း သိရသည်။

ထို့နောက် ကလေးငယ်မှာ ဒဏ်ရာပိုဆိုးလာပြီး ဦးခေါင်းတွင် ပြည်တည်နာဖြစ်ကာ နို့ပင်မစို့နိုင်သည့်အပြင် ငိုရာ အသံပင်မထွက်တော့သည့် အခြေအနေဖြစ်လာခဲ့ကြောင်း ရောဂါအခြေအနေကို ဆေးရုံက ထုတ်ပြန်ထားသည်။

ကလေးကို မွေးဆံပင်နှင့်မထားကောင်း၍ ဆံပင်ရိတ်ပစ်ရမည်၊ ကလေးငယ်ဆံပင်ပါးနေ၍ ခေါင်းရိတ်ပေးရမည်ဟူသော အယူအဆသည် မမှန်ကန်ကြောင်း၊ ကလေးကို မဖြစ်မနေမွေးဆံပင်ရိတ်ပေးရမည်ဆိုသည့် အယူအဆက အများလက်ခံထားသည့်အယူအဆတစ်ရပ်သာဖြစ်ပြီး ကျန်းမာရေးအတွက်လိုအပ်သည့်အချက်တစ်ခုမဟုတ်ကြောင်းလည်း ဆေးရုံက အသိပေးထားသည်။

ကလေးငယ်များတွင် ၎င်းတို့၏ခန္ဓာကိုယ်အပူချိန်ကို ဦးခေါင်းကနေတစ်ဆင့် ထိန်းချုပ်ခြင်းကြောင့် မွေးဆံပင်ရိတ်လိုက်ချိန်တွင် ကလေးငယ်အနေဖြင့် အအေးမိ၊ နှာစေး၊ နှာပိတ်သည့် လက္ခဏာများ အလွယ်တကူခံစားရနိုင်ကြောင်း ယင်းဆေးရုံက အသိပေးသည်။

ဇက် မခိုင်သေးသောကလေးကို ဆံပင်ရိတ်ခြင်းသည် ထိခိုက်နိုင်ခြေများကြောင်း၊ ကလေးကို မဖြစ်မနေဆံပင်ရိတ်မည်ဆိုပါက ကလေးမတ်မတ်ထိုင်သည့်အရွယ်ရောက်မှ ရိတ်သင့်ကြောင်း အကြံပြုထားသည်။

MT



ဓာတ်ပုံ – ကျိုက်ထိုမြို့နယ်ပြည်သူ့ဆေးရုံ

❂ စာမျက်နှာ ၄ မှ

ယင်းသို့ ဆောင်ရွက်ထားခြင်းသည် တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်စေရေးနှင့်ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ဌာနဆိုင်ရာအချင်းချင်း Online စနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ National Single Windows စနစ်စတင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးထားသည့်အပေါ် အစိုးရဌာနဆိုင်ရာများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့က ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်သွယ်မှုကို စနစ်တကျဆောင်ရွက်ကြရေး ကုန်သည်လုပ်ငန်းရှင်များကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးပေးကြရန် မှာကြားလိုကြောင်း။

ဥပဒေလုပ်ထုံးလုပ်နည်းများ၏ လစ်ဟာချက်များအပေါ် ပုဂ္ဂလိက အကျိုးစီးပွားအတွက် အခွင့်အရေးယူဆောင်ရွက်ခြင်းမျိုးမလုပ်ဘဲ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်သင့်သည့်အချက်များကို အကြံပြုပေးကြရန်လိုကြောင်း၊ အစိုးရဌာနဆိုင်ရာများအနေဖြင့်လည်း ကုန်သည်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက အကြံပြုချက်များအပေါ် စိစစ်သုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ကုန်သည်လုပ်ငန်းရှင်များ၌လည်း ရိုးရိုးသားသား၊ မှန်မှန်ကန်ကန် ကုန်သွယ်နေသည့် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အချိန်အတွယ်မှန်နှင့် ကူးသန်းရောင်းဝယ်နေသည့်သူများရှိသကဲ့သို့ မတော်လောဘနှင့် ဝိသမစီးပွားရေးသမားများလည်း အထင်အရှားရှိနေသည်ကို စားသုံးဆီနှင့်စက်သုံးဆီ တင်သွင်းသည့် ကုမ္ပဏီများကို စစ်ဆေးသည့်အခါတွင် အရေးယူဆောင်ရွက်ရသည့်ကိစ္စများ ပေါ်ပေါက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် မတော်လောဘနှင့် အမြတ်တင်ရောင်းချခဲ့သည့် ကုမ္ပဏီတချို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများ၊ OSS ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ကျဝန်ထမ်းများကို တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်မှုမရှိစေရေး၊ ငွေကြေးတောင်းခံမှုများမရှိစေရေး၊ လာဘ်ပေးလာဘ်ယူမှုများမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် အကြိမ်ကြိမ်မှာကြားခဲ့ပြီးဖြစ်ကြောင်း။

> **❛ တရားမဝင်ကုန်စည်များ တင်ဆောင်လာသည်ကို သိရှိလျက်နှင့် ဖမ်းဆီးအရေးယူခြင်းမပြုဘဲ ငွေကြေးရယူပြီး လွှတ်ပေးခြင်း၊ တားဆီးစစ်ဆေးရာတွင် တရားမဝင်ကုန်စည်များ တွေ့ရှိသော်လည်း တန်ဖိုးနည်းကုန်စည်အချို့ကိုသာ ဟန်ပြဖမ်းဆီးအရေးယူခြင်းစသည့် နည်းမျိုးစုံနှင့် ပတ်သက်နေသည်ဟု သတင်းများကို ကြားသိနေရကြောင်း၊ ယင်းကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်ကြပ်မတ်မတ်စစ်ဆေးပြီး ထိထိရောက်ရောက် အရေးယူ ❜**

သို့သော်လည်း တာဝန်ကျဝန်ထမ်းများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများတွင် ငွေကြေးရယူပြီး ဖြတ်သန်းခွင့်ပြုခြင်း၊ တရားမဝင်ကုန်စည်များပါ၊ မပါကို မျက်ကွယ်ပြုပြီး လာဘ်ငွေရယူ စေလွှတ်ခွင့်ပြုခြင်း၊ တရားမဝင်ကုန်စည်များ တင်ဆောင်လာသည်ကို သိရှိလျက်နှင့် ဖမ်းဆီးအရေးယူခြင်းမပြုဘဲ ငွေကြေးရယူပြီး လွှတ်ပေးခြင်း၊ တားဆီးစစ်ဆေးရာတွင် တရားမဝင်ကုန်စည်များ တွေ့ရှိသော်လည်း တန်ဖိုးနည်းကုန်စည်အချို့ကိုသာ ဟန်ပြဖမ်းဆီးအရေးယူခြင်းစသည့် နည်းမျိုးစုံနှင့် ပတ်သက်နေသည်ဟု သတင်းများကို ကြားသိနေရကြောင်း၊ ယင်းကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်ကြပ်မတ်မတ်စစ်ဆေးပြီး ထိထိရောက်ရောက် အရေးယူကြရန် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများ၊ OSS ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ကျဝန်ထမ်းများနှင့် အုပ်ချုပ်သူများကို အထူးမှာကြားလိုကြောင်း။

ထို့ပြင် တာဝန်ကျဝန်ထမ်းများအနေဖြင့် ကုန်ပစ္စည်းအပါအဝင် ကုန်တင်ယာဉ်များစစ်ဆေးရာတွင် ဆက်ဆံရေးပြေပြစ်ရန်နှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်လိုအပ်ပြီး ဆက်ဆံရေးမပြေလည်ခြင်းသည် ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေရုံသာမက ခရီးသွားအများပြည်သူကိုလည်း စိတ်အနှောင့်အယှက်ဖြစ်စေကြောင်း၊ ယင်းကို ကြပ်မတ်ထိန်းကျောင်းနိုင်မှုမရှိပါက အများပြည်သူအနေဖြင့် အစိုးရအပေါ်တွင် အမြင်လွဲမှားနိုင်ကြောင်း။

**မြန်မြန်ဆန်ဆန် လေလံတင်ရောင်းချ**

ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် ဘဏ္ဍာငွေများ နိုင်ငံတော်ကရရှိရန်လိုကြောင်း၊ ဖမ်းဆီးရမိမှုများရှိသော်လည်း လေလံမပစ်ခင်တွင် ပစ္စည်းများပျက်စီးသွားပါက ဖမ်းဆီးပေးသူများ၏ ကြိုးပမ်းအားထုတ်မှုများ အချည်းနှီးဖြစ်ရပြီး နိုင်ငံဘဏ္ဍာငွေလည်း ရရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့် ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် လေလံတင်ရောင်းချရန်လိုကြောင်း၊ ဖမ်းဆီးရမိသည့် လိုင်စင်ရှိ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် စက်ပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးအပ်နှံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် လုံခြုံရေးအပိုင်းနှင့်ပတ်သက်ပြီး တာဝန်ကျနေရာဒေသအလိုက် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့်နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ပြည်ဖျက်အကြမ်းဖက်သမားများ၏ အန္တရာယ်ကို မျက်ခြည်မပြတ် သတိပြုပြီး တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ကြရန်၊ ပြည်တွင်းသယံဇာတများ တရားမဝင်ထုတ်လုပ်နေမှုကို ထိထိရောက်ရောက် တားဆီးအရေးယူရန်၊ သတင်းအချက်အလက်ရရှိရေး ပြည်တွင်း၌ သတင်းကွန်ရက် ချိတ်ဆက်တည်ဆောက်ရန်လိုပြီး ပြည်ပနိုင်ငံများနှင့် ဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်ပြီး အပြန်အလှန် သတင်းဖလှယ်ကြရန်၊ ကုန်တင်လှောင်စနစ်နှင့် E-Lock စနစ် အကောင်အထည်ဖော်ရာတွင် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ Online စနစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ဖမ်းဆီးရမိပစ္စည်းများပျက်စီးဆုံးရှုံးမှု မရှိစေရန်၊ တာဝန်ကျဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရန်၊ ဝန်ထမ်းများတာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို **“အမျိုးသားရေးတာဝန်”** တစ်ရပ်အဖြစ် သတ်မှတ်ပြီး တာဝန်ကျဝန်ထမ်းများသာမက နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၅/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခဒေါက်တာခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၃)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝင်းရှိန်နှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများနှင့် ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုအခြေအနေများ၊ E-Lock စနစ်ဆိုင်ရာကိစ္စရပ်များ၊ စက်သုံးဆီတင်သွင်းနေမှု အခြေအနေများ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများရောင်းချနေမှုနှင့် တရားဝင်မှတ်ပုံတင် လျှောက်ထားလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၆/ ၂၀၂၃) ဆုံးဖြတ်ချက်(မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းရောက်မြန်မာလုပ်သားများ ဝင်ငွေခွန်ထမ်းဆောင်ရာတွင် အထွေထွေလုပ်သားများက လစဉ်အခွန်ဘတ် ၁၅၀ နှင့် ကုမ္ပဏီလုပ်သားများအပါအဝင် White Collar များက လစဉ် ၈၂၂ ဘတ် ပေးဆောင်ရမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ ဝင်ငွေခွန်ထမ်းဆောင်ရာတွင် အထွေထွေလုပ်သားများစသည့် Blue Collar များက လစဉ်အခွန်ဘတ် ၁၅၀ ပေးဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီလုပ်သားများအပါအဝင် White Collar များအနေဖြင့် လစဉ် ၈၂၂ ဘတ် ပေးဆောင်ရမည်ဖြစ်ကြောင်း ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရသည်။

သံရုံး၏ထုတ်ပြန်ချက်တွင် ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများတွင် စက်ရုံ/အလုပ်ရုံ၊ စိုက်ပျိုး/ မွေးမြူရေး၊ ဆောက်လုပ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်း၊ အထွေထွေလုပ်သားစသည့် Blue Collar များ၏ လစာဝင်ငွေကို ဘတ် ၇၅၀၀ နှုန်းသတ်မှတ်ထားပြီး ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းအဖြစ် ဘတ် ၁၅၀ လစဉ်ပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးထားသည်။

ထိုသို့ ပေးသွင်းခြင်းဖြင့် လစဉ် ဘတ် ၇၅၀၀ နှင့်ညီမျှသော မြန်မာကျပ်ငွေကို ငွေဖြူအဖြစ်ခံစားခွင့်ရရှိကာ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန် အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ်စသည်တို့ကိုဝယ်ယူရာတွင်စုဆောင်းထားသော ငွေဖြူစာရင်းအပေါ်တွက်ချက်၍ ဝင်ငွေခွန်လျှော့ပေါ့ပေးခြင်းကို ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံ၏ ကုမ္ပဏီများ (ရေကြောင်းကုမ္ပဏီများ အပါအဝင်)၊ ဆေးရုံများ၊ တက္ကသိုလ်/ကောလိပ်များ၊ ဆောက်လုပ်ရေး အင်ဂျင်နီယာများ၊ စက်ရုံ/အလုပ်ရုံအင်ဂျင်နီယာများစသည့် White Collar လုပ်သားများ၏ဝင်ငွေခွန်ကို ကောက်ခံရာတွင် လစာဝင်ငွေအပေါ် နှစ်ရာခိုင်နှုန်းအခွန်တွက်ချက်ထားသော်လည်း ထိုင်းနိုင်ငံတွင် အခွန်ဆောင်ထားပါက နှစ်ရာခိုင်နှုန်းအခွန်တွက်ချက်ရငွေမှ နုတ်၍ကျန်ငွေကိုသာ ပေးသွင်းရမည်ဟုလည်း ပါရှိသည်။

ထို့ကြောင့် လစာဘတ် ၈၀၀၀၀၊ ထောက်ပံ့ငွေစရိတ် ဘတ် ၁၀၀၀၀ စုစုပေါင်း ဘတ် ၉၀၀၀၀ ရရှိသူသည် အခွန်နှစ်ရာခိုင်နှုန်းအရ လစဉ် ဘတ် ၁၈၀၀ ပေးဆောင်ရမည်ဖြစ်သော်လည်း ထိုင်းနိုင်ငံသို့ အခွန် ၉၇၈ ဘတ်ပေးဆောင်ထားရသဖြင့် မြန်မာနိုင်ငံသို့ လစဉ် ၈၂၂ ဘတ်သာ ပေးဆောင်ရမည်ဟု သိရသည်။

ငွေဖြူခံစားခွင့်အနေဖြင့် ဘတ် ၄၁၁၀၀ နှင့်ညီမျှသော မြန်မာငွေကျပ်ကို ခံစားနိုင်မည်ဖြစ်ကြောင်းလည်း ပါရှိသည်။

White Collar အခွန်ထမ်းများသည် မြန်မာသံရုံးသို့ အခွန်လာရောက်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ကုမ္ပဏီ/ဌာန၏ Pay Slip (သို့မဟုတ်)Salary Certificate နှင့် Tax Slip များကို ယူဆောင်လာရမည်ဖြစ်ကြောင်းလည်း သိရသည်။

အခွန်ထမ်းဆောင်သူများအနေဖြင့် QR Code အမှတ်အသားပါရှိသည့် အခွန်ပေးသွင်းမှုအထောက်အထားလက်မှတ်ကို ပြန်လည်ပေးအပ်ရမည်ဖြစ်ပြီး ပျောက်ဆုံး၊ ပျက်စီးခြင်းမရှိစေရေး ကံယကံရှင်က ထိန်းသိမ်းထားရန်လိုအပ်ကြောင်းလည်း သံရုံး၏ထုတ်ပြန်ချက်တွင်ပါရှိသည်။

စက်ရုံ၊ အလုပ်ရုံ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ အလုပ်သမားများအတွက် အခွန်ပေးဆောင်ရာတွင် စက်ရုံတာဝန်ရှိသူများက လုပ်သားတစ်ဦးချင်းစီအတွက် ဘဏ်အကောင့်တွင် စုစည်းပေးသွင်းသည့် လက်ခံပြေစာနှင့်အတူ မြန်မာသံရုံးသို့ ဖြည့်စွက်ဆောင်ရွက်ရမည့်ပုံစံတွင်ဖြည့်၍ စာရင်းတင်သွင်းနိုင်ကြောင်းလည်း သိရသည်။

ဝင်ငွေခွန်ထမ်းဆောင်ရာတွင် တစ်ဦးလျှင် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ တစ်လလျှင် ဘတ် ၁၅၀ နှုန်းဖြင့် သုံးလစာ ဘတ် ၄၅၀ အခွန်ပေးသွင်းရမည်ဖြစ်ပြီး နောက်ပိုင်းကာလများတွင် လစဉ်၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်၊ ကိုးလတစ်ကြိမ် ပေးသွင်းနိုင်သည်ဟုဆိုသည်။

**MT**

# နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ (စတုတ္ထအကြိမ်)အစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ (စတုတ္ထအကြိမ်)အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့်တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်**

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း သယံဇာတများစီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် ဗဟိုကော်မတီကိုအပ်နှင်းထားသည့် တာဝန်ဝတ္တရားများနှင့်အညီ ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကဏ္ဍများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်များအဖြစ် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ် (Integrated Coastal Management–ICM) အပြီးသတ်ရေးသားနိုင်ခဲ့မှု၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့မှု၊ ပင်လယ်ပြင်ညစ်ညမ်းမှု ထိန်းချုပ်ရေးဥပဒေ (Marine Pollution Control Law)အား အပြီးသတ်ရေးသားနိုင်ခဲ့မှု၊ အဏ္ဏဝါဂေဟစနစ် တန်ဖိုးမြင့်မားပြီးဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသည့် နေရာများကို ငါးမဖမ်းရနယ်မြေများသတ်မှတ်နိုင်ခဲ့မှု၊ ပင်လယ်ကမ်းရိုးတန်းဒေသ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့မှုတို့ကို ဌာနများအားလုံး၏တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် ၂၈၀၀ ကီလိုမီတာကျော် ရှည်လျားပြီး ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများနှင့် ရေထွက်သယံဇာတမွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရေရှည်ထုတ်ယူနိုင်မည့် အလားအလာကောင်းများရှိခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်များ ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေလမ်းကြောင်းအတွက် အချက်အချာကျပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းများဖွံ့ဖြိုးနိုင်ခြေရှိခြင်း၊ သဘာဝအတိုင်းတည်ရှိနေသည့် ကမ်းခြေနှင့်ကျွန်းများရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်ခြင်း၊ ကမ်းရိုးတန်းနေ တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ စုံလင်သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းစသည့် အခွင့်အလမ်းများစွာကို ဖော်ထုတ်အသုံးပြုခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်လည်းဖြစ်ပါကြောင်း။

ထိုသို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများစွာရှိသကဲ့သို့ တစ်ဖက်တွင်လည်း စိန်ခေါ်မှုများအနေဖြင့် မြန်မာနိုင်ငံ၏ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ၊ သန္တာကျောက်တန်းများ၊ ဒီရေတောများ၊ ပင်လယ်မြက်ခင်းများ၊ ငါး၊ ပုစွန်ရေထွက်သယံဇာတများ ယိုယွင်းလျော့နည်းမှုများ ကြုံတွေ့နေရခြင်း၊ အစားအစာလုံခြုံစိတ်ချမှုများ လျော့ပါးလာခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လျော့နည်းလာခြင်းတို့ကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

**သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများ**

ထို့ပြင်၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ် ဂီရိမုန်တိုင်းနှင့် ယခုမေလ ၁၄ ရက်နေ့တွင် စစ်တွေမြို့အနီးမှ ဖြတ်ကျော်တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းတို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် စသည့် ကမ်းရိုးတန်းဒေသများတွင် ဆုံးရှုံးမှုများနှင့်တွေ့ကြုံခဲ့ရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်က အထူးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများကို စနစ်တကျရေးဆွဲပြီး ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ရေရှည်အတွက်အကျိုးရှိသည့် ကြိုတင်ကာကွယ်ရေးအစီအမံများဖော်ထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းရိုးတန်း သယံဇာတများ စီမံအုပ်ချုပ်ခြင်းအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ခေတ်ကာလအလိုက် လိုအပ်သည့် ဥပဒေ၊ မူဝါဒ အသစ်များကို ရေးဆွဲဖော်ထုတ်လျက်ရှိပါကြောင်း၊ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ ဥပဒေစိုးမိုးရေးနှင့် အသိပညာပေးလုပ်ငန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကမ်းခြေစောင့်တပ်ဖွဲ့တို့က မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂက ၂၀၃၀ ပြည့်နှစ် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်လျက်ရှိရာ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများက “အပြာရောင်စီးပွားရေး (Blue Economy)” သဘောတရားများ ဖော်ထုတ်အကောင်အထည်ဖော် ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အပြာရောင်စီးပွားရေးဆိုင်ရာ ကြေညာချက် “ASEAN Leader’s Declaration on Blue Economy” ကို ထုတ်ပြန်ခဲ့ပြီး အာဆီယံအပြာရောင်စီးပွားရေးဆိုင်ရာ မူဘောင် “ASEAN Blue Economy Framework” ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအပြာရောင် စီးပွားရေးမူဘောင်တွင် ပင်လယ်ကမ်းရိုးတန်းဆိုင်ရာ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ သယံဇာတများ ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်ရေးကဏ္ဍ၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာ ကဏ္ဍများကို ဦးတည်ချက်ထားပြီး ရေးဆွဲထားရှိခဲ့ပါကြောင်း။

အပြာရောင်စီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများနှင့် အစီအမံများ ဖော်ထုတ်ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုသာ ဦးတည်ခြင်းမျိုးမဟုတ်ဘဲ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ထိန်းသိမ်းခြင်းနှင့် စနစ်တကျ ထုတ်ယူအသုံးပြုခြင်းကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည့် မူဝါဒ၊ အစီအမံများပေါ်ထွက်လာစေရေး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီဝင်များအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်၊ ဒေသတွင်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့်ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲစေရေးဆိုင်ရာဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့်အစီအမံများနှင့် လုပ်ငန်းစဉ်များကိုလည်းတင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက် တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ်များ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(GTI) တောင်ငူတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် ကျား၊မ အခြေပြုအကြမ်းဖက်မှု (GBV) အသိပညာပေး အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်းစုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ငူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်လင်းအောင် (မြို့နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ)က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီရွှေက လူမှုဝန်ထမ်းဦးစီးဌာနမှ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေး၊ ကျား၊မ အခြေပြု အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုများ၊ အခြားဝန်ဆောင်မှုပေးနေမှုများကို ဆွေးနွေးရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့်ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

**ဇော်ကိုကို (တောင်ငူ)**



# ညီလေး ဟိုဆေးထံသို့ အိတ်ဖွင့်ပေးစာ

ဒါနဲ့ စကားမစပ် ကိုယ်တို့မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအပြောင်းအလဲအချိန်တုန်းက ကိုယ့်ညီ ဘယ်ရောက်နေတာလဲ။ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုပုံစံဆိုပြီး ကမ္ဘာသိခဲ့တာနော်။ ကိုယ့်ညီတို့တောင် အတုယူသင့်တယ်။ မောင်ဟိုဆေးက အဆိုးမြင်သမားဆိုတော့ အကောင်းဆိုမမြင်တော့ဘူးပေါ့လေ။ မြန်မာနိုင်ငံအကြောင်းကို ပြောချင်ရင် မြန်မာ့သမိုင်းကို လေ့လာဦးကွ။ လေဖမ်းဒန်းစီးပြောနေရင် ရှက်စရာကြီး။ သူများနိုင်ငံကို ဝေဖန်ချင်ရင် အဲဒီနိုင်ငံရဲ့သမိုင်းကြောင်းကို သေချာလေ့လာ၊ ကိုယ်တိုင်က ကျင့်ဝတ်တို့၊ နိုင်ငံတကာသဘောတူညီချက်တွေကို လိုက်နာရတယ် မောင်ဟိုဆေးရ။

သို့

ညီလေး ဟိုဆေးရေ

ငါအလုပ်တွေမအားတဲ့ကြားက မင်းဆီကို အိတ်ဖွင့်ပေးစာရေးလိုက်တာပါကွာ။ ငါ့မှာအိမ်အလုပ်၊ မိသားစုအရေး၊ သားသမီးတွေရှေ့ရေး၊ ရပ်ရွာ သာယာရေး၊ လူမှုရေးတွေနဲ့ တစ်နေ့တစ်နေ့ မအားရလို့ အခြားသူကိစ္စ စိတ်မဝင်စားနိုင်ဘူး။ မင်းကတော့ သမ္မတကြီးသာဆိုတယ် အတော်အားယားနေပုံပဲကွ။ အားအားယားယားနဲ့ မင်းက တို့မြန်မာနိုင်ငံအရေးကို ခဏခဏလာပြီး စွက်ဖက်နေလိုက်တာ မင်းကိုယ်မင်း ဘာထင်နေလို့လဲကွ။ ကိုယ့်ကိုယ်ကိုယ် အတော်အထင်ကြီးတဲ့ပုံပဲ။ မင်းက တို့မြန်မာနိုင်ငံကိစ္စကို ဝင်စွက်ဖက်လာတော့ ငါ့ကလည်း ငါ့နိုင်ငံအရေးကို မပြောလို့ မရတော့ဘူး မောင်ဟိုဆေးရေ့။ မပြောမပြီး မတီးမမြည်ဘူးကိုး။ မင်းသာမစခဲ့ရင် ငါတို့လည်း ပြောစရာမရှိပါဘူးကွာ။

မောင်ဟိုဆေးရေ .. မင်းက ၁၉၄၉ ဒီဇင်ဘာ ၂၆ မွေးတဲ့သူဆိုတော့ ငါ့ထက် ၅ နှစ်လောက်ငယ်တယ်ကွ။ ဒါကြောင့် ညီလေးလို့ခေါ်လိုက်တာပါကွာ။ မင်းကတော့ အရှေ့တီမောနိုင်ငံရဲ့ သမ္မတကြီးပေါ့ကွာ။ ငါကတော့ မြန်မာနိုင်ငံက သာမန်ပြည်သူတစ်ယောက်ပါပဲ။ အသက်တွေ ခဏထားလို့ မင်းက သမ္မတကြီးဆိုတော့ အမှန်က မင်းကို လေးစားအပ်ပါသော အရှေ့တီမော သမ္မတကြီးခင်ဗျားလို့ ရေးသင့်မှန်းငါသိပါတယ်။ ဒါပေမဲ့ မင်းက ကိုယ့်တာဝန်၊ ကိုယ့်ရာထူး၊ ကိုယ့်လုပ်ပိုင်ခွင့်ကိုတောင် ဘယ်လိုအသုံးချရမှန်းမသိဘဲ ရွာရိုးကိုးပေါက်လှည့်ပြီး အတင်းတုတ်နေတဲ့သူလို သူများအရေးကို စွက်ဖက်နေတဲ့သူဆိုတော့ မင်းကိုသာမန်ပြည်သူတစ်ယောက်အနေနဲ့ပဲ ပုဂ္ဂိုလ်ရေးစာရေးလိုက်တာ။

ငါ့ညီ မောင်ဟိုဆေးက မြန်မာနိုင်ငံအကြောင်း အတော်သိတယ်လို့ပြောတယ်။ မြန်မာနိုင်ငံရဲ့ ပုဂံသမိုင်းကြောင်းလောက်တော့ ကြားဖူးနားဝရှိအောင် ပြောပြဦးမယ်။ ကမ္ဘာမြေပေါ်မှာ တီမောနိုင်ငံဆိုတာ မရှိခင်ကတည်းက မြန်မာဘုရင်တွေဟာ ဘုန်းတန်ခိုးတောက်ခဲ့တာ ညီလေးရ။ အဲဒီပုဂံရာဇဝင်တွေရော မင်းသိရဲ့လား။ ထားပါတော့၊ အဲဒါတွေအထိ ပြောနေရင် မင်းနားလည်မှာမဟုတ်ပါဘူး။ မင်းက တီမောနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ ပါခဲ့တယ်လို့ ငါသိထားတယ်။ အဲဒီတော့ မြန်မာနိုင်ငံလွတ်လပ်ရေးသမိုင်းကြောင်းကို မင်းသိလိမ့်မယ် ထင်တယ်။ တို့နိုင်ငံက လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အကြောင်းရော လေ့လာဖူးလားကွ။ အင်္ဂလိပ်တွေကအစ လေးစားခဲ့ရတဲ့ ပုဂ္ဂိုလ်ပေါ့ကွာ။ နိုင်ငံအတွက် ငယ်ငယ်ရွယ်ရွယ်နဲ့ အသက်စွန့်ခဲ့တယ်။ သူ့မှာ မင်းလိုအာဏာမက်မောတာ၊ ကိုယ်ကျိုးရှာတာ၊ ထင်ပေါ်ချင်တာ၊ ခုတုံးလုပ်အသုံးချချင်တဲ့စိတ်လုံးဝမရှိဘူး မောင်ဟိုဆေးရေ့၊ အတုယူကွ။

မင်းကတော့ တီမောနိုင်ငံငြိမ်းချမ်းရေးအတွက် လုပ်ခဲ့လို့ နိုဘယ်လ်ဆုတွေရခဲ့တယ်ဆိုပဲ။ နောက်ပြီး ဒီမိုကရေစီလိုလားသူလို့လည်း ပြောတယ်။ လေးစားတယ် ငါ့ကောင်ကြီးရေ့။ ဒါနဲ့စကားမစပ် မင်းက ငြိမ်းချမ်းရေးလိုလားသူသာဆိုတယ် ရုရှား-ယူကရိန်းကိစ္စ၊ အစ္စရေးနဲ့ ဟားမာ့စ်ကိစ္စတွေမှာ မင်းဦးဆောင်ပြောတာ မတွေ့မိပါလား။ အဲဒီမှာ ကမ္ဘာစစ်ဖြစ်မတတ်တိုက်နေကြတယ်လေ။ မင်းက နိုဘယ်လ်ဆုရှင်မဟုတ်လား။ ငြိမ်းချမ်းရေးရအောင် ပြောသင့်တာပေါ့။ အဲဒီလိုမပြောရင် မင်းရထားတဲ့ နိုဘယ်လ်ဆုကို အတုကြီးလို့ ထင်သွားကြလိမ့်မယ် ကိုယ့်လူရ။ သေမြေကြီး ရှင်ရင်ရွှေထီးပဲဟေ့ ပြောတော့ ကိုယ့်လူရေ .. ငါအားပေးနေမယ်။ အဆင်ပြေရင် နိုဘယ်လ် နှစ်ထပ်ကွမ်းတောင်ရနိုင်တယ်နော။ စိတ်ကူးမလွဲသင့်ဘူး။ ကိုယ့်ညီအတွက် မြိုးမြိုးမြက်မြက် ကျန်အောင်ပြောတာပါ။

ကိုယ့်ညီက အရှေ့တီမော သမ္မတသာဆိုတယ် ကိုယ့်နိုင်ငံအရေးထက် သူများနိုင်ငံအရေးကိုဝင်ပြီး ဆရာလုပ်ရတာ ဝါသနာပါတာကိုး။ တို့မြန်မာနိုင်ငံအကြောင်း ပြောရုံလောက်နဲ့တော့ ဖြုတ်ကိုက်တာလောက် အရာမထင်ဘူး ကိုယ့်လူ။ အလွန်ဆုံး ကိုယ့်ညီတို့သံရုံးတာဝန်ခံ အိမ်ပြန်ပို့ခံရတာလောက်ပဲဖြစ်မှာကွ။ ကိုယ့်ညီအတွက် အဆဲခံရတာပဲ အဖတ်တင်မယ် ကိုယ့်လူ၊ သဘောပေါက်။ တစ်ခါတည်း နာမည်ကြီးသွားအောင် အစ္စရေး-ဟားမာ့စ် ကိစ္စကို ဝင်ပြီး ဝေဖန်အကြံပေးလိုက်ပေါ့။

နောက်ပြီး ကိုယ့်ညီက ဒီမိုကရေစီကို လိုလားတဲ့သူဆိုတော့ မင်းအတွက် အကျိုးအမြတ်လေး ကျန်အောင် အကြံတစ်ခုပေးချင်တယ်ကွ။ မင်းအတွက် ဆွမ်းကျန်၊ ကွမ်းကျန်လေးရအောင်လို့ပါကွာ။ အရှေ့အလယ်ပိုင်းတို့၊ မြောက်ကိုရီးယားတို့ဆီသွားပြီး ဒီမိုကရေစီအရေး သွားဆွေးနွေးသင့်တယ်နော် ကိုယ့်လူ။ အဲဒါမှ အားမရသေးရင် အာဖဂန်ကိုလည်း သွားပေါ့။ ဒါမှ တစ်ချီတည်းနဲ့ ကမ္ဘာ့ဒီမိုကရေစီ အိုင်ကွန်ကြီးဖြစ်မှာ။

ဒါနဲ့ စကားမစပ် ကိုယ်တို့မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအပြောင်းအလဲအချိန်တုန်းက ကိုယ့်ညီ ဘယ်ရောက်နေတာလဲ။ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုပုံစံဆိုပြီး ကမ္ဘာသိခဲ့တာနော်။ ကိုယ့်ညီတို့တောင် အတုယူသင့်တယ်။ မောင်ဟိုဆေးက အဆိုးမြင်သမားဆိုတော့ အကောင်းဆို မမြင်တော့ဘူးပေါ့လေ။ မြန်မာနိုင်ငံအကြောင်းကို ပြောချင်ရင် မြန်မာ့သမိုင်းကို လေ့လာဦးကွ။ လေဖမ်း ဒန်းစီးပြောနေရင် ရှက်စရာကြီး။ သူများနိုင်ငံကို ဝေဖန်ချင်ရင် အဲဒီနိုင်ငံရဲ့သမိုင်းကြောင်းကို သေချာလေ့လာ၊ ကိုယ်တိုင်က ကျင့်ဝတ်တို့၊ နိုင်ငံတကာသဘောတူညီချက်တွေကို လိုက်နာရတယ် မောင်ဟိုဆေးရ။ မင်းက မြန်မာနိုင်ငံကို ခိုးကြောင်ခိုးဝှက်တစ်ခါ၊ တရားဝင် တစ်ခါလောက်ရောက်တာနဲ့ အကုန်သိ အကုန်တတ်နေတာကိုးကွ။ နောက်ပြီး မင်းက သမ္မတလုပ်နေပြီး သံတမန်ကျင့်ဝတ်တို့၊ အလေ့အကျင့်တို့၊ ကုလသမဂ္ဂပဋိညာဉ်တွေကိုလည်း မလိုက်နာဘူး။ သူများယောင်လို့ လိုက်ယောင်မနေနဲ့ဦး ကိုယ့်ကောင်ကြီးရ၊ မင်းကို အီးပေါလောကြီးလို့ ထင်နေကြမှာ။ ကိုယ့်ညီဖတ်ရအောင် ကုလသမဂ္ဂပဋိညာဉ်စာအုပ် ပို့ပေးပါဦးမယ်ကွာ။

ငါ့ညီက မြန်မာ့နိုင်ငံရေးကို ဝင်ပြီးစွက်ဖက်နေလိုက်တာ၊ ဘယ်သူဘာလုပ်၊ ဘယ်သူက ဘာမလုပ်နဲ့။ အဲဒီလိုဝင်စွက်ဖို့ ကိုယ့်ညီကို ဘယ်သူက ခိုင်းထားတာလဲကွ။ ဒါမှမဟုတ် မျက်နှာလိုအားရလုပ်ချင်တာလား။ ထင်ပေါ်ချင်လို့လား။ သူများခိုင်းတိုင်း လျှောက်လုပ်မနေနဲ့ ကျေးဇူးရှင်ရေ၊ ဦးနှောက်လေးသုံးဦးကွ။ ဦးနှောက်မသုံးဘဲ သူများခိုင်းတိုင်းလုပ်နေရင် ဘာဖြစ်မလဲဆိုတာ လူတိုင်းသိတယ်နော်။ မပြောချင်ဘူး။ မောင်ဟိုဆေး ဒီလောက်လုပ်ချင်တယ်ဆိုရင် လမ်းပြပေးလိုက်မယ်။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၁၉၅ နိုင်ငံရှိတယ်ကွ။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ နိုင်ငံရေးပဋိပက္ခတွေပြောမဆုံးပေါင် တောသုံးတောင်ရှိတယ်ငါ့လူ။ မင်းက တကယ်လုပ်ရမယ့်ဟာတွေကျ ကြောက်ချီးပါပြီး အပေါက်ပိတ်နေတယ်။ မြန်မာ့ပြည်တွင်းရေးကို ဆရာဝင်လုပ်ပြီး ပြောသလို ရုရှား၊ တရုတ်၊ အစ္စရေး၊ မြောက်ကိုရီးယား၊ အမေရိကန်တို့ကို သွားပြောလေ။ ဝေဖန်လေ။ စွက်ဖက်လေ။ ဆရာကြီးလုပ်ပါလား။ အဲဒါတွေကျမပြောရဲဘူး မဟုတ်လား ငါ့ညီ။ မင်းက လူလည်လုပ်ပြီး မြန်မာနိုင်ငံအရေးကို ခုတုံးလုပ်အမြတ်ထုတ်ဖို့ ခွက်ခေါက်နေတယ်ပေါ့ ဟုတ်လား။ “ငါ့ညီဟိုဆေးမင်းငယ်ပါသေးတယ်ကွာ” လို့ပဲ ငါပြောလိုက်မယ်။ မင်းဦးနှောက်လောက်နဲ့ မင်းနိုင်ငံအတွက် ရင်လေးပါတယ်ကွာ။

မင်းက မြန်မာနိုင်ငံထဲကို ခိုးကြောင်ခိုးဝှက်နဲ့ ပထမတစ်ကြိမ်လာခဲ့တယ်။ ဒုတိယအကြိမ်မှာ နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ လာခဲ့တယ်။ ဒီလောက်လာရုံနဲ့ပဲ မြန်မာနိုင်ငံအကြောင်းကို မင်းထက်ဘယ်သူမှ ပိုမသိနိုင်ဘူးလို့ ပြောလိုက်တာဟာ ကိုယ့်ကိုယ်ကိုယ် အတော်အထင်ကြီးနေပုံပဲ ငါ့ကောင်ရ။ အံမယ် နိုင်ငံတကာ အဖွဲ့ အစည်းတွေကို အကြံပေးချင်တာကလို့တောင် ဆိုလိုက်သေးကွာ။ မင်းနဲ့နော် အံ့ပါရဲ့။ မင်းနိုင်ငံလည်း မင်းပြန်ကြည့်ဦးဟ။

မင်းနိုင်ငံက တစ်ဦးချင်းရဲ့ဝင်ငွေ၊ အလုပ်အကိုင်၊ စီးပွားရေး၊ ဆင်းရဲမွဲတေမှု၊ အာဟာရပြည့်ဝမှု၊ စာတတ်မြောက်မှုနှုန်း ဘယ်လောက်ရှိလဲ မင်းသိလား။ မသိရင် ရှာဖတ်ကွာ မပြောချင်ဘူး။ မင်းလို အားယားပြီး အတင်းတုတ်ချင်တဲ့သူ မဟုတ်ဘူး။ မင်းကိုယ်မင်း သိပ်အထင်ကြီးမနေနဲ့ ငါ့ကောင်ရဲ့။ ကိုယ့်ဖင်ကိုယ်တောင်မနိုင်ဘဲနဲ့ ပဲကြီးဟင်းက စားချင်သေး ..။ ဘင်္ဂါလီကို မြန်မာနိုင်ငံသားတွေလို့ ပြောရအောင် မင်းကို ဘယ်သူက သင်ပေးလိုက်တာလဲ။ ပြစမ်းပါဦး သမိုင်းအထောက်အထား။ မင်းပြောတဲ့စကားတွေကိုကြည့်ရင် မင်းဟာ သူများခိုင်းဖတ် အဆင့်ထက် မပိုပါဘူးကွာ။ ရိုးရိုးသားသား စီးပွားရှာစမ်းပါကွာ၊ ခွက်ခေါက်တဲ့အလုပ် မလုပ်ပါနဲ့တော့။ မင်းက မြန်မာပြည်သူတွေကို တိုက်တွန်းတယ်ဆိုရအောင် မင်းကို ဘယ်သူက တာဝန်ပေးထားလို့လဲ။ ခိုင်းထားလဲ။ ရှက်တတ်ရင် ရှက်သေဖို့ကောင်းတယ်။ သမ္မတလုပ်နေပြီး အရှက်မရှိ၊ သိက္ခာမရှိ၊ ကျင့်ဝတ်မသိနဲ့ မင်းအတွက်နဲ့ ကျန်တဲ့သူတွေပါ အတိုင်းတိုင်းအပြည်ပြည် ဗိုလ်ပုံအလယ် အရှက်ကွဲတော့မယ် ကျေးဇူးရှင်ရ။

ပြောတော့ နိုင်ငံခြားရေးဝန်ကြီးလုပ်ခဲ့တယ်၊ သံတမန်ရေးရာသင်တန်းတွေ ပို့ချခဲ့တယ်ဆို။ အခု မင်းအခုလုပ်နေတာက အဲဒါတွေနဲ့ကိုက်ညီရဲ့လား မေးစမ်းပါရစေ။ မင်းက သမ္မတလုပ်နေတာဆိုတော့ မင်းတို့နိုင်ငံဥပဒေအရ စစ်ဦးစီးချုပ် မဟုတ်လား။ မင်းတို့ တပ်မတော်ကို မင်းဘယ်လို အုပ်ချုပ်သလဲ စိတ်ဝင်စားစရာပဲ။ ညီလေး ဟိုဆေးရေ မင်းရဲ့ ရာဇဝင်ကို လူတိုင်းသိပါတယ်ကွာ။ အဲဒီတော့ မင်းပြောသလို မင်းကိုလည်း ငါအကြံပေးပါရစေကွ၊ သမ္မတလုပ်ချင်ရင် သမ္မတလို ပြောဆိုနေထိုင်ကျင့်ကြံကွ၊ လမ်းဘေးကလူလို ပြောဆိုနေထိုင်ရင်တော့ မင်းကလမ်းဘေးကောင် ဖြစ်သွားမှာပဲ။ တို့မြန်မာလိုဆိုရင်တော့ လူမလေး ခွေးမခန့်တဲ့သူပေါ့ကွာ။

ပြောတော့ နိုင်ငံခြားရေးဝန်ကြီးလုပ်ခဲ့တယ်၊ သံတမန်ရေးရာသင်တန်းတွေ ပို့ချခဲ့တယ်ဆို။ အခု မင်းအခုလုပ်နေတာက အဲဒါတွေနဲ့ကိုက်ညီရဲ့လား မေးစမ်းပါရစေ။ မင်းက သမ္မတလုပ်နေတာဆိုတော့ မင်းတို့နိုင်ငံဥပဒေအရ စစ်ဦးစီးချုပ် မဟုတ်လား။ မင်းတို့တပ်မတော်ကို မင်းဘယ်လိုအုပ်ချုပ်သလဲ စိတ်ဝင်စားစရာပဲ။ ညီလေး ဟိုဆေးရေ မင်းရဲ့ရာဇဝင်ကို လူတိုင်းသိပါတယ်ကွာ။ အဲဒီတော့ မင်းပြောသလို မင်းကိုလည်း ငါအကြံပေးပါရစေကွ၊ သမ္မတလုပ်ချင်ရင် သမ္မတလို ပြောဆိုနေထိုင်ကျင့်ကြံကွ၊ လမ်းဘေးကလူလို ပြောဆိုနေထိုင်ရင်တော့ မင်းက လမ်းဘေးကောင်ဖြစ်သွားမှာပဲ။ တို့မြန်မာလိုဆိုရင်တော့ လူမလေး ခွေးမခန့်တဲ့သူပေါ့ကွာ။

အခုဆို မင်း ဒုတိယအကြိမ် သမ္မတ လုပ်နေပြီ။ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူတွေရဲ့အကျိုးကို အာရုံစိုက်ကွ။ ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ကိုယ်နဲ့မဆိုင်တဲ့ အလုပ်တွေမှာ အလေဏတောလုပ်မနေနဲ့ ညီလေး။ မနေနိုင်မထိုင်နိုင်ယားလာလို့ ဝေဖန်လေကန်ချင်စိတ်ပေါက်လာရင် အထက်မှာ ငါပြောတဲ့နိုင်ငံတွေကို ရဲရဲသွားပြော။ မင်းကသတ္တိရှိပါတယ်။ မင်းက သူများလုပ်ကြံတာတောင်ခံရဖူးတာပဲ။ အဲဒီလိုဝေဖန်လိုက်လို့ အသက်ဆုံးရှုံးသွားရင်တောင် နာမည်ကြီးပြီး ကျန်ခဲ့မှာပေါ့။ မြန်မာနိုင်ငံအကြောင်းပြောချင်ရင် သေချာလေ့လာဦး။ မသိဘဲနဲ့ လျှောက်မပြောနဲ့။ မင်းကြောင့် မင်းနိုင်ငံသားတွေ အရှက်ရမနေစေနဲ့ဦး ကိုယ့်လူ။ မင်းက အားယားနေတဲ့သူပဲ၊ နိုင်ငံတကာကျင့်ဝတ်တွေ၊ ပဋိညာဉ်တွေ၊ သံတမန်ကျင့်ဝတ်တွေ လေ့လာဦး။ ကဲ စာလည်းအတော်ရှည်သွားပြီ။ အခုတော့ ဒီလောက်ပဲ ငါ့ညီ ဟိုဆေး။ မင်း ကျန်းမာပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ကွာ။

ခင်မင်စွာဖြင့်
ဇင်ငြိမ်း
မြန်မာနိုင်ငံသား
၁၄ ဒီဇင်ဘာလ ၂၀၂၃



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (United Nations High Commissioner for Refugees – UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် UNHCR တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များအား တွေ့ဆုံ







နေပြည်တော် ဒီဇင်ဘာ ၁၄

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲက ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အတွင်းရှိ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အနေဖြင့် စာရင်းကောက်ယူရေးအဖွဲ့ ၆၇၈ ဖွဲ့ဖြင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ရာတွင် ရာနှုန်းပြည့်ကောက်ယူပြီးစီးခဲ့ပြီး e-ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုဖြင့် ၂ ဒသမ ၉ သိန်းကျော်၊ အိမ်ထောင်စုစာရင်းမရှိသဖြင့် အလွတ်ပုံစံဖြင့် ခုနစ်သောင်းကျော် စုစုပေါင်း အိမ်ထောင်စု ၃ ဒသမ ၆ သိန်းကျော်ကို ကောက်ယူနိုင်ခဲ့ကြောင်း၊ ကောက်ယူရရှိသည့် အချက်အလက်များကို ရုံးချုပ်ရှိ e-ID Server အတွင်း အချက်အလက်တိုက်ဆိုင် ဖြည့်သွင်းအတည်ပြုခြင်းလုပ်ငန်းသည် ဆောင်ရွက်ရန် အနည်းငယ်ကျန်ရှိနေသည့်အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယင်းစာရင်းများအရ အိမ်ထောင်စုစာရင်းရှိသော်လည်း နိုင်ငံသားကတ်မရှိသေးသူများ၊ အလွတ်ပုံစံဖြင့်ကောက်ယူခဲ့သည့် အိမ်ထောင်စုများအတွက် အမှန်တကယ်အိမ်ထောင်စုစာရင်းရှိ၊ မရှိ စိစစ်၍ မြို့နယ်အဆင့် ဖွဲ့စည်းထားသည့် ငါးဦးကော်မတီဖြင့် အသေးစိတ်စိစစ်အတည်ပြုကာ နိုင်ငံသားအရည်အချင်းနှင့် ကိုက်ညီသူများကို ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ထို့ပြင် အချက်အလက်ကွဲလွဲနေသူများ၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ထားသူများ၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်နှင့်အထက် မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်း မရှိသူများကိုလည်း စနစ်တကျစိစစ်၍ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ဆောင်ရွက်မည့် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားပြီးဖြစ်သည့် သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်က ကြိုတင်စီစဉ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ်များသည် တစ်ခုနှင့်တစ်ခုချိတ်ဆက်နေပြီး နိုင်ငံတော်၏အနာဂတ်အတွက် မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုနှင့် ကောက်ယူပြီးစီးသည့် အချက်အလက်များအား e-ID Server အတွင်း စိစစ်ဖြည့်သွင်းဆောင်ရွက်မှု၊ ပန်းခင်းစီမံချက်အဆင့်ဆင့်ဆောင်ရွက်မှုနှင့် ပြည်သူများအား Biographic/Biometric ကောက်ယူဆောင်ရွက်နေမှု၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းစဉ်အလိုက် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမ၌ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးကာ ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ပြီး ဝန်ထမ်းစားရိပ်သာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၄ ရက်မှ စတင်၍ ခရိုင်နယ်မြေများ အလိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မင်္ဂလာဒုံမြို့နယ် ရပ်ကွက်၊ ကျေးရွာ ၁၆ ခုမှ ပြည်သူ ၄၆၅ ဦး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရပ်ကွက်၊ ကျေးရွာ ၂၀ မှ ပြည်သူ ၆၅၀၊ တွံတေးမြို့နယ် ရပ်ကွက်၊ ကျေးရွာ ၃၀ မှ ပြည်သူ ၄၅၂ ဦး၊ လသာမြို့နယ် ရပ်ကွက်ငါးခုမှ ပြည်သူ ၄၂၇ ဦး စုစုပေါင်းပြည်သူ ၁၉၉၄ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာမှုများ ဆောင်ရွက်ကြသည်။



သို့ဖြစ်၍ ဒီဇင်ဘာ ၄ ရက်မှ ၁၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး နယ်မြေ မြို့နယ် ၁၇ ခုတို့မှ စုစုပေါင်း မဲဆန္ဒရှင်ပြည်သူ ၁၄၉၄၃ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ပြီး အဆိုပါ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်းကို ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၈ ရက်တို့တွင် မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် နှစ်စရက်မှစတင်ကာ ကိုဗစ်ကြောင့် ရပ်နားထားခဲ့ရသော ကုန်တင်ယာဉ်များ မှတ်ပုံတင်ခြင်း ပြန်လည်လုပ်ဆောင်ပေးမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

၂၀၂၄ ခုနှစ်မှစတင်ကာ ကိုဗစ်ကြောင့် ရပ်နားထားခဲ့ရသော ကုန်တင်ယာဉ်များ မှတ်ပုံတင်ခြင်း ပြန်လုပ်ပေးတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ သိရသည်။

“ကိုဗစ်ကြောင့်ရပ်ထားတာ။ အဲဒါကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီး ပြန်လုပ်ပေးမှာဖြစ်ပါတယ်” ဟု YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်ကပြောသည်။ အဆိုပါ ကုန်တင်ယာဉ်များ မှတ်ပုံတင်ခြင်းမှာ အသစ်ပြန်လည်လုပ်ဆောင်ပေးခြင်း မဟုတ်ကြောင်းလည်း ၎င်းက ပြောသည်။

YRTC က ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်များအား ဝန်ဆောင်မှုပေးလျက်ရှိသော အငှားယာဉ်/ စီးတီး တက္ကစီယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ် မှတ်ပုံတင်ခြင်း လုပ်ငန်း ဝန်ဆောင်မှုများကို ကိုဗစ် -၁၉ ရောဂါကြောင့် ယာယီရပ်ဆိုင်းထားခဲ့ခြင်း ဖြစ်သည်။

သစ်တော်

# အနောက်နိုင်ငံများနှင့် အနောက်နိုင်ငံအားကိုး မီဒီယာများအနေဖြင့် ညနေတိုင်းထုတ်လွှင့်နေကျ ပုံသေနည်းသတင်းတစ်ပုဒ် ထပ်တိုးထုတ်လွှင့်မှု

## ၁၄-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်နှင့် ခမ်းပတ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့မှာတော့ အနောက်နိုင်ငံတွေနဲ့ အနောက်နိုင်ငံအားကိုးမီဒီယာတွေအနေနဲ့ ညနေတိုင်းနဲ့ ညပိုင်းတိုင်းမှာ ထုတ်လွှင့်နေကျ ပုံသေနည်းသတင်းတစ်ပုဒ် ထပ်တိုးလာတယ်ဆိုတာတွေ့ရတယ်။ ဒီထုတ်လွှင့်နေကျ ပုံသေနည်းသတင်းတစ်ပုဒ်ဆိုတာကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဖြစ်နေတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆွေးနွေးခဲ့တာတွေရှိတယ်ဆိုတာ ထုတ်လွှင့်ပြီးဖြစ်တယ်။ အဲဒီ ဆွေးနွေးချက်တွေ၊ ဆွေးနွေးမှုတွေအပေါ်မှာ မူတည်ပြီး မစိုးရိမ်ကြဖို့နဲ့၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ စိုးရိမ်စရာမရှိတဲ့အကြောင်း၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးနဲ့အတူ လက်တွဲတိုက်ပွဲဝင်သွားမယ်လို့ MNDAA၊ TNLA၊ AA အဖွဲ့ကပြောတဲ့အကြောင်းဆိုတာကို အမြဲတမ်းထုတ်လွှင့်နေတဲ့ပုံစံ မျိုးလေးတွေတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေ၊ ပြည်သူလူထုအနေနဲ့ ဘယ်သူမှငြိမ်းချမ်းရေးကိုမလိုလားတဲ့သူမရှိဘူး။ ပဋိပက္ခတွေ မဖြစ်ပွားစေချင်ဘူး။ ကိုယ့်ရဲ့လူမှုစီးပွားဘဝတည်ငြိမ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝပြည့်စုံ တည်ငြိမ်ရေးကိုပဲ သူတို့အားပေးကြတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မေးခွန်းထုတ်စရာရှိတာက သူတို့ပြောသလို မြန်မာပြည်သူလူထုကို မစိုးရိမ်ပါနဲ့ဆိုတော့ မြန်မာပြည်သူလူထုက စိုးရိမ်နေတာလား၊ သူတို့ကစိုးရိမ်နေတာလားဆိုတာပဲ မေးခွန်းထုတ်စရာဖြစ်ပါတယ်။ အဖြေကတော့ရှင်းရှင်းလေးပါပဲ။ မြန်မာနိုင်ငံထဲမှာ ပဋိပက္ခတွေလျော့ပါးသွားမှာ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးရရှိမှာ၊ ပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မြဲပြီး ငြိမ်းချမ်းသွားမှာကို သူတို့ပဲမလိုလားနေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ မြန်မာနိုင်ငံထဲမှာ အပစ်အခတ်ရပ်စဲမယ့်ကိစ္စတွေ၊ ပဋိပက္ခလျော့နည်းမယ့်ကိစ္စတွေ၊ လူမှုစီးပွားဘဝ တည်ငြိမ်စေမယ့်ကိစ္စတွေကို မျိုးစုံသွေးထိုးလှုံ့ဆော်ပြီး ဆောင်ရွက်နေကြခြင်းဖြစ်တယ်ဆိုတာကို အားလုံးက သတိပြုရမှာဖြစ်ပါတယ်။ ဝိုင်းဝန်းဆန့်ကျင်ရမှာဖြစ်ပါတယ်။

ဒီနေ့ထိတွေ့မှုတွေအနေနဲ့ ရှမ်းပြည်နယ်(အရှေ့မြောက်)ဘက်မှာ နမ့်ခမ်းနဲ့(၁၀၅)မိုင် ကြားမှာ TNLA အဖွဲ့နဲ့ ထိတွေ့မှုရှိပါတယ်။ ပြီးရင် ကယားပြည်နယ်ဘက်မှာဆိုရင် ပြည်နယ် ရဲရုံးဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့မှု ရှိပါတယ်။ ထီးချိုင့်နဲ့ ခမ်းပတ်ဘက်မှာ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့မှုရှိပါတယ်။ ခမ်းပတ်မှာဆိုရင် သူတို့အနေနဲ့အရင်က ထုတ်ခဲ့ဖူးပါတယ်။ ခမ်းပတ်မြို့ကို ထိန်းချုပ်ထားနိုင်ပြီဆိုတာမျိုး ဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီနေရာမှာ ပြန်လည်လုံခြုံမှု၊ တည်ငြိမ်မှုရှိစေရေး ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ အစိုးရနဲ့ တပ်မတော်အနေနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေး(၃)ပါး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒါတွေကို အစဉ်တစိုက်ရပ်တည်ဆောက်တည်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကျိုက်ထိုမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြော

ကျိုက်ထို ဒီဇင်ဘာ ၁၄



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကျိုက်ထိုမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသန်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ပလတ်စတစ် အန္တရာယ်အကြောင်းနှင့် လူငယ်များ အနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပ စာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်၊လူကုန်ကူးမှုအန္တရာယ်၊ကလေးသူငယ်စစ်မှုထမ်းခြင်းမှကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကြိုတင်ကာကွယ်ရေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မော်လမြိုင်မြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေး ဟောပြောပွဲကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၁၄

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၄ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ငန်းတေးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ငန်းတေးကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်စန်းမြင့်က လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများ၊ လွတ်လပ်ရေးနေ့ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းများ၊ လွတ်လပ်ရေး၏ အရသာ၊ လွတ်လပ်ရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် မျိုးချစ်သူရဲကောင်းများအား အတုယူကြစေရန်နှင့် လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြရန် လိုအပ်ကြောင်းစသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သံဖြူဇရပ်မြို့နယ်၌ လူငယ်စကားဝိုင်း ပြုလုပ်

သံဖြူဇရပ် ဒီဇင်ဘာ ၁၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက အလက(ခွဲ) စက်သစ်ကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်ဖြိုးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက ကျောင်းသား လူငယ်များ ဗဟုသုတကြွယ်ဝပြီး အတွေးအခေါ်မြင့်မားသည့် လူတော် လူကောင်းများဖြစ်လာစေရန်၊ အစုအဖွဲ့ဖြင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးတတ်သည့် အလေ့အကျင့်၊ အလေ့အထကောင်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး အလက(ခွဲ)စက်သစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ယဉ်ကျေးမှု တန်ဖိုး၊ လူငယ်နှင့် စာဖတ်ခြင်း အကျိုးကျေးဇူး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

(၂၂)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်




# ဓာတ်အားဖြန့်ဖြူးရေးဌာနများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဓာတ်အားဖြန့်ဖြူးရေးဌာနများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇)ရှိ ရဲရွှာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန အနေဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ လက်ရှိဖြန့်ဖြူးနေသော လျှပ်စစ်ဓာတ်အားများကိုလည်း လျော့နည်းပျောက်ဆုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့် ဆုံးရှုံးမှုမရှိစေရေးအတွက် မီတာဘေ ငွေကောက်ခံမှုနှင့် ရရှိရန်ရှိသည့် ဓာတ်အားခကြွေးကျန်များကို စနစ်တကျကောက်ခံသွားရန် လိုအပ်ကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုများနှင့် စပ်လျဉ်း၍ ၂၀၂၃-၂၀၂၄ ဘတ်ဂျက်ခွဲဝေရရှိမှုအပေါ် ကျန်ရှိသော ဘတ်ဂျက်ကာလ သုံးလအတွင်း သုံးစွဲမှုများအား လျာထားချက်ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်များကို ဘတ်ဂျက်လျာထားချက်အတိုင်း အလေအလွင့်မရှိ စိစစ်သုံးစွဲနိုင်ရေး တွန်းအားပေးကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌတို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သင်တန်းကျောင်းဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်သင်တန်း Level-1 ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်းဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်သင်တန်း Level-1 ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။





အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းများတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် သင်တန်းကျောင်းသို့ ရောက်ရှိလာသော ကလေးသူငယ်များအား မိမိကိုယ်ကို တန်ဖိုးထားတတ်စေပြီး ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးကို လူမှုဝန်ထမ်းနည်းလမ်းများဖြင့် အဓိကဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်းသမားများ၏ ကျင့်ဝတ်စည်းကမ်းနှင့် လူမှုဝန်ထမ်းဆိုင်ရာ ဘာသာရပ်များကို သိရှိနားလည်ခြင်းဖြင့် ရပ်ရွာ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေနိုင်ခြင်းကြောင့် သင်တန်းမှပို့ချပေးသည့် နည်းလမ်းများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ ပြန်လည်အသုံးချစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ လူမှုဝန်ထမ်းဦးစီးဌာနရှိ ကလေးပြုစုရေးခုနစ်ခု၊ လူငယ်နှင့် အမျိုးသမီး သင်တန်းကျောင်း ၁၆ ကျောင်းမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms.Noriko Takagi အား အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNHCR အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာသူများအား အကူအညီပေးရေးကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ စံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော်နိုင်ရေး အသိပညာပေး

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စံပြကျေးရွာစီမံကိန်းအဖြစ် ကျေးရွာများအတွင်း အကောင်အထည်ဖော်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၄ ရက်က မြစ်ကျိုးကျေးရွာအုပ်စု အမောက်ဝဲကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုးက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ မှော်ဘီယာဉ်ထိန်းတပ်ဖွဲ့စု၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအကြောင်းအရာများ၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုဆိုင်ရာများ၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်သီးနှံများ၊ စိုက်ပျိုးရေးနှင့် မြေသြဇာစနစ်တကျသုံးစွဲနည်းတို့ကို အသိပညာပေးဟောပြောရာ ကျေးရွာပြည်သူ ၁၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အားကစားနည်းအလိုက် ပြိုင်ပွဲများနှင့်ဆုပေးပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ယနေ့မွန်းလွဲ ၃ နာရီတွင် ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များ တက်ရောက်၍ ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

အလားတူ တတိယနေရာလုပွဲကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးအားကစား လေ့ကျင့်ရေးစခန်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးက မကွေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက် တစ်ဦးချင်းအကောင်းဆုံးဆုရရှိသူများအား ကျောင်းသားအားကစားပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်ကလည်းကောင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ အထိမ်းအမှတ်တံဆိပ်နှင့် ငွေသားဆုများကို ကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းကလည်းကောင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ အထိမ်းအမှတ်တံဆိပ်နှင့် ငွေသားဆုများကို ကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယကပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်ကလည်းကောင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ အထိမ်းအမှတ်တံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုဖလားကို ကျောင်းသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား တံခွန်စိုက်ဒိုင်းဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

အလားတူ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး) တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ လည်းကောင်း၊ ဘတ်စကက်ဘောပြိုင်ပွဲ (အမျိုးသား၊အမျိုးသမီး) ဆီမီးဖိုင်နယ်နှင့် တတိယနေရာလုပွဲ၊ ဗိုလ်လုပွဲစဉ်များကို (C)ရုံ၌လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ပထမ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တတိယရရှိကြပြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးက တတိယရရှိကြသည်။

အမျိုးသမီး ဘော်လီဘောတတိယနေရာလုပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အမျိုးသားဘော်လီဘော တတိယနေရာလုပွဲတွင် ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိကြကာ ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ကျောင်းသားအားကစားပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဆုများပေးအပ်ချီးမြှင့်ရာ ဆုရရှိသည့်အားကစားမောင်မယ်များက လက်ခံရယူကြသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် အမျိုးသားဘောလုံး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံ တည်ဆောက်မည့်မြေနေရာနှင့် ကိုးသိန်းအားကစားပြိုင်ကွင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရေးနှင့် လက်ရွေးစင်အားကစား သမားများကို အထောက်အကူ ပြုနိုင်မည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စု၌ တည်ဆောက်မည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (ပုသိမ်) မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအဆောက်အအုံ၊ အားကစားလေ့ကျင့်ရေးကွင်းနှင့် ရုံတည်ဆောက်မည့် အကွက်ချပုံစံ ရေးဆွဲတင်ပြသွားရန် တာဝန်ရှိသူများကို မှာကြားသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့နယ်ရှိ ကိုးသိန်းအားကစားပြိုင်ကွင်းသို့ သွားရောက်၍ ကွင်းရေစိမ့်မြောင်း ပြုလုပ်ခြင်း၊ သဲ၊ နုန်းမြေဖြည့်ခြင်း၊ မြေသားပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊ မြက်ဖြတ်ခြင်းများ ပုံမှန်ဆောင်ရွက်သွားရန်နှင့် ကိုးသိန်း အားကစားပြိုင်ကွင်းရှိ လက်ရှိပွဲကြည့်စင်များကို ခေတ်မီပွဲကြည့်စင်များအဖြစ် ပြုပြင်တည်ဆောက်နိုင်ရေးနှင့် LED Score Board ထည့်သွင်းတပ်ဆင်နိုင်ရေး လျာထားဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း အားကစားတိုးတက်ရေးအတွက် တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန်နှင့် လူငယ်များ အသိပညာမြင့်မားပြီး အနာဂတ် နိုင်ငံတော်အတွက် အဖိုးတန်လူငယ်များ ဖြစ်လာစေရေး စည်းရုံးဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုများ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန်သည် ဒီဇင်ဘာ ၁၂ ရက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဟံသာဝတီဆက်သွယ်ရေးစခန်းသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာနှင့် နည်းပညာဆိုင်ရာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တိုးကြောင်ကလေးရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဂြိုဟ်တုဆက်သွယ်ရေးစခန်းဝင်းသို့ရောက်ရှိပြီး ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုပေးနေမှုအခြေအနေများကို စစ်ဆေးကြည့်ရှုသည်။

ဆက်လက်၍ အဆိုပါ ဂြိုဟ်တုဆက်သွယ်ရေးဝင်းအတွင်းရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စောင့်ကြည့်တိုင်းတာရေးစခန်းသို့ သွားရောက်ကာ လှိုင်းနှုန်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# ကွမ်းခြံကုန်းမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခလောက်တရာကျေးရွာနှင့် မရမ်းကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

ကွမ်းခြံကုန်းမြို့နယ် ခလောက်တရာကျေးရွာနှင့် မရမ်းကျေးရွာတို့တွင် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ၏ ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် နိုဝင်ဘာ ၁၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တော်လှန်ရေးလား အကြမ်းဖက်လား ကွဲကွဲပြားပြား ဖြစ်လာပါတော့မယ်

စွမ်းပြည့်

မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အကြမ်းဖက်မှုအားလုံးရဲ့ ထက်ဝက်ခန့်ဟာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက ကျူးလွန်နေခြင်းဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်တဲ့ Country reports on terrorism 2022 ဟာ ထူးခြားအံ့သြစရာ မဟုတ်ပေမယ့် အလေးအနက်ထားစရာတစ်ခုတော့ ဖြစ်ခဲ့ပါတယ်။

အမေရိကန်အစိုးရအနေနဲ့ ကမ္ဘာတစ်ဝန်း အကြမ်းဖက်မှုတွေနဲ့ ပတ်သက်ပြီး ဘယ်လောက်အလေးအနက်ထားတယ်၊ သတင်းအချက်အလက်တွေကို ဘယ်လိုမျှဝေတယ်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးမူဝါဒကို ဘယ်လိုပုံဖော်တယ်ဆိုတာ ယခုထုတ်ပြန်ချက်ကြည့်ရုံနဲ့ အကဲခတ်နိုင်ပါတယ်။ အံ့သြစရာမဟုတ်ဘူးဆိုတဲ့အချက်က မြန်မာနိုင်ငံက PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ (အကြမ်းဖက်စစ်စစ်တွေ) ရဲ့ ကြမ်းကြုတ်ရက်စက်မှုပုံစံမျိုးစုံနဲ့ အတိမ်အနက်ကို ပြည်သူအများစုကြီးက မူလကတည်းက သိရှိလက်ခံပြီးဖြစ်တဲ့အတွက် ဒါဟာဘာမှ ထူးခြားတဲ့အရာ မဟုတ်တဲ့အတွက်ကြောင့်ပါ။

အလေးအနက်ထားရမယ့်အချက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနဟာ ဒီသုတေသနပြုချက်ကို ယခုအချိန်ကျမှ ဘာကြောင့် ထုတ်ပြန်ရပါသလဲ။ သူတို့ကိုယ်တိုင် Burma Act အမည်နဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အမည်ခံ တော်လှန်ရေးတပ်ဖွဲ့တွေဆိုပြီး အမွမ်းတင် ထောက်ပံ့ခဲ့ကြတာပဲ။ report အရ သူတို့ထောက်ခံနေတဲ့ တော်လှန်ရေးအဖွဲ့တွေဟာ အကြမ်းဖက်တွေမှန်း သူတို့ကိုယ်တိုင် ကွဲကွဲပြားပြားသိလာတဲ့အခါ အနာဂတ်မှာဖြစ်လာမယ့် အကြမ်းဖက်ဇာတ်လမ်းတွေဟာ ဘယ်လိုစခန်းသိမ်းသွားမလဲဆိုတဲ့အချက်က ပိုပြီးစိတ်ဝင်စားဖို့ ကောင်းလာပါတယ်။

## အရှိန်အဟုန်နဲ့ဖြစ်နေဆဲ မဆုံးနိုင်သေးတဲ့ လွန်ကျူးမှုများ

နိုင်ငံတော်အစိုးရနဲ့ပြည်သူတွေအတွက်ကတော့ နောက်တောင်ကျနေပြီဖြစ်တဲ့ ယခု ထုတ်ပြန်ချက်ဟာ အထူးခြားကြီးတော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံက အပြစ်မဲ့ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေဟာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့နဲ့ သူတို့ကို ထောက်ပံ့ထားတဲ့ NUG နဲ့ EAOs တွေရဲ့ ဆိုးရွားလွန်းတဲ့ အကြမ်းဖက်မှုဒဏ်ရာဒဏ်ချက်မျိုးစုံကို နင့်နေအောင်ခံစားခဲ့ကြရတာ သုံးနှစ်ရှိပါပြီ။ အိုအိုငယ်ငယ် အရွယ်မရွေး၊ ရဟန်းသံဃာမချန် ငါနဲ့မတူငါ့ရန်သူ အကုန်သတ်၊ အကုန်ဖျက်၊ အတော့်ကို ဆိုးရွားရက်စက်လွန်းလှတဲ့ သတ်ဖြတ်ဖျက်ဆီးမှုပေါင်းစုံဟာ ယခုအချိန်အထိ အတောမသတ်သေးပါဘူး။

လမ်းပန်းဆက်သွယ်ရေးတွေပြတ်တောက်အောင် လမ်း၊ တံတားတွေ မိုင်းထောင် ဖုံးခွဲဖျက်ဆီး၊ စာသင်ကျောင်းတွေ၊ လျှပ်စစ်တာဝါတိုင်တွေဖျက်ဆီးခံရ၊ ဆရာ ဆရာမတွေ ပြန်ပေးဆွဲ၊ ဆက်ကြေးခွဲခံရတဲ့အထိ မိုက်တွင်းနက်နေကြဆဲပါ။ မိမိတို့အိမ်တွေ၊ ရွာတွေ၊ ပြည်သူပိုင်စျေးတွေ ဖျက်ဆီးခံရပြီး စစ်ဘေးရှောင်ဘဝရောက်ကြရ၊ ပစ္စည်းတွေ လုယက်အခိုးခံကြရနဲ့ ဆိုးရွားလွန်းပါတယ်။

သတင်းတု၊ သတင်းမှား၊ ကောလာဟလတွေနဲ့ ပြည်သူကို အဆိပ်ခတ်နေကြဆဲဖြစ်ပါတယ်။ အရှေ့မြောက် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးလမ်းကြောင်းအားလုံးဖျက်ဆီးပြီး စီးပွားရေးကို ရိုက်ချိုးဖို့ လုပ်နေကြတယ်။ ပြည်သူအမြောက်အမြား အတိဒုက္ခဖြစ်ရပြီး လူမှုစီးပွားဘဝများစွာ ယိုယွင်းပျက်စီးရတယ်။ လူထုအကျပ်အတည်း ဖန်တီးပြီးမြေပေါ် အုံကြွမှုဖြစ်အောင် ဇာတ်လမ်းဆင်ကြပြန်တယ်။ ဒါတွေ ဘယ်သူ့လက်ချက်လဲ၊ ဘယ်သူကနောက်ကွယ်က အားပေးနေလဲ စဉ်းစားတတ်သူတိုင်း သိကြမယ်၊ ဆင်ခြင်နိုင်သူတိုင်း ရိပ်မိကြမယ်ထင်ပါတယ်။ ကမ္ဘာကျော် CIA အဖွဲ့ကြီးရှိနေတဲ့ အမေရိကန်နိုင်ငံလို မသိချင် ယောင်ဆောင်တာသာဖြစ်ချင်ဖြစ်မယ်၊ အမြဲမပြတ်စောင့်ကြည့်ပြီး အဖြစ်အပျက်အများစုကို မသိမဟုတ် သိနေတဲ့နိုင်ငံများစွာလည်း ရှိနေပါတယ်။



မြစ်ကြီးနား-မန္တလေးသွား မီးရထားလမ်းပေါ်မှ အရှည်ပေ ၁၂၀ ရှိ တံတားအမှတ် (၅၅၅) ကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

## ကိန်းဂဏန်းစာရင်းတွေနဲ့ တိတိကျကျ အကြမ်းဖက်အချက်အလက်များ

အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် ဘီတက်စ်ဒါမြို့ ကမ္ဘာ့အကြမ်းဖက်မှု အလားအလာနှင့် သုတေသနပြုစင်တာကနေ နိုင်ငံခြားရေးဝန်ကြီးဌာန အကြမ်းဖက်တိုက်ဖျက်ရေးဗျူရိုအတွက် ယခုနှစ်ထုတ်ပြန်ချက်က ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံဟာ ကမ္ဘာ့အကြမ်းဖက်မှုနဲ့ သေကျေမှု ၃၉၁ မှုနဲ့ ၁၀ နိုင်ငံစာရင်းထဲမှာ နံပါတ် (၈)နေရာက ပါဝင်နေတယ်လို့ ဆိုထားပါတယ်။ ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှုကြောင့် သေဆုံးမှုစုစုပေါင်း ၂၁၃၀ ရှိခဲ့ရာမှာ ကမ္ဘာမှာ အကြမ်းဖက်သေဆုံးမှုအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းကို မြန်မာ PDF အကြမ်းဖက်တွေက ကိုယ်စားပြုထားပါတယ်တဲ့။

၂၀၂၃ ခုနှစ်ထက်စာရင် အကြမ်းဖက်မှုတွေပိုများလာကြောင်းလည်း ပြသနေပါတယ်။ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းခန့်ကို ကျူးလွန်နေတဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကိုတော့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အဖြစ် တံဆိပ်ခတ်လိုက်ပြီး ချင်းကာကွယ်ရေးအဖွဲ့ (CDF) က ခုနစ်ရာခိုင်နှုန်း၊ ကရင်နီလူမျိုးစုသောင်းကျန်းသူတွေက ခုနစ်ရာခိုင်နှုန်းအသီးသီးနဲ့ ကိုယ်စီကိုယ်င အကြမ်းဖက်လူမိုက် စာရင်းဝင်တွေ ဖြစ်သွားကြပါပြီ။ အကြမ်းဖက်မှုအရေအတွက် အမျိုးအစားနဲ့ ဒေသအလိုက်ဖြစ်ပွားမှုအများဆုံးကို အသေးစိတ်ဖော်ပြရာမှာ တပ်မတော်နဲ့ပတ်သက်ပြီး အကောင်းအဆိုး အကြောင်းအကျိုးအချက်အလက်တွေမပါခဲ့ဘဲ PDF အကြမ်းဖက်အဖွဲ့တွေနဲ့ပတ်သက်ပြီး ယခင်က မကြုံခဲ့ဖူးတဲ့ ကိန်းဂဏန်းစာရင်းတွေကိုသာ တိတိကျကျနဲ့ ထုတ်ပြန်လာတာ တွေ့ရပါတယ်။

အမှန်မှာ မြန်မာနိုင်ငံက လက်နက်ကိုင်အကြမ်းဖက်မှုတွေဟာ အခြေခံအကြောင်းတရားက တစ်ခုတည်းရှိပါတယ်။ ကိုယ်ကျိုးစီးပွားသက်သက်ပါပဲ။ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးနဲ့ ကိုယ့်လူမျိုးစု၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်၊ ကိုယ့်ဘာသာသာသနာ၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ဘာတစ်ခုမှ အခြေမခံပါဘူး။ မိမိနဲ့မိမိအမျိုးတစ်စုကောင်းစားရေး၊ ကိုယ်ကျိုးစီးပွားတည်ဆောက်ပြီး ချမ်းသာကြွယ်ဝရေးသက်သက်ပါပဲ။ ဒါကြောင့်လည်း ဒေသအလိုက် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက လုပ်ပေးထားတဲ့ အခြေခံအဆောက်အအုံမှန်သမျှ အဖျက်သက်သက် ဖျက်ဆီးနေကြခြင်း ဖြစ်ပါတယ်။

နိုင်ငံကို ရရင်ရသလောက် နိုင်ရာစားဘဝနဲ့ တစ်စစီတစ်ဖွဲ့စီ ဖွဲ့ယူကြမယ့်သူတွေသာ ဖြစ်ပါတယ်။ ရခဲ့ရင်လည်း ပြည်နယ်တစ်ပြည်နယ်ထဲမှာကို လက်နက်ကိုင်အဖွဲ့က အနည်းဆုံး နှစ်ဖွဲ့သုံးဖွဲ့ရှိနေတာကြောင့် နောက်ဆုံး ပြိုကွဲပျက်စီးဖို့ပဲ ရှိပါတော့တယ်။ နိုင်ငံမှာ ထိန်းမနိုင်သိမ်းမရ အစိတ်စိတ်အမြွှာမြွှာပြိုကွဲပျက်စီးပြီး တစ်နိုင်ငံလုံးအလုံးစုံ ပျက်သုဉ်းရေးသည်ပင် သူတို့ရဲ့အန္တိမရည်မှန်းချက်ဖြစ်ပါတယ်။

## သက်ရောက်မှုနှင့်အတူ အနာဂတ်အိပ်မက်ဆိုးများ

ဒါကြောင့် နောက်ဆက်တွဲ အမေရိကန်နောက်လိုက် အနောက် EU အဖွဲ့အစည်းတွေနဲ့ UN အဖွဲ့တွေအနေနဲ့က အခုလို တရားမဝင်လက်နက်ကိုင်အားလုံးကို အကြမ်းဖက်တွေလို့ ကြေညာလိုက်သလိုဖြစ်သွားစေတဲ့ ဒီစာရင်းဇယားရဲ့ သက်ရောက်မှုအပေါ်မှာ နှာစေးနေလို့ ရမယ်မထင်တော့ပါဘူး။ နိုင်ငံနဲ့ ပြည်သူအပေါ် ရက်စက်ပြနေတဲ့ လက်နက်ကိုင်မှန်သမျှဟာ အကြမ်းဖက်အဖွဲ့တွေသာဖြစ်တယ်ဆိုတဲ့ အချက်အလက်တွေဟာ နောင်မှာ ယခုထက်ပိုပြီး ကွဲကွဲပြားပြား ဖြစ်လာမယ်လို့ သုံးသပ်မိပါတယ်။

မူလကတည်းက ဘယ်လိုမှ လက်ခံလို့မရတဲ့ အကြမ်းဖက်တွေအတွက် ပြည်ပထောက်ပို့တွေမှာ အကန့်အသတ်တွေ ရှိလာနိုင်ပြီး အကြမ်းဖက်ခြင်းကို လုံးဝလက်မခံလောက်တဲ့ ထိုးနှက်ချက်တွေအဖြစ် ရုပ်လုံးပေါ်လာနိုင်ပါတယ်။ သူတို့အဆိုအရ အနာဂတ်ဒီမိုကရေစီတော်လှန်ရေးကြီးမှာ အိပ်မက်ဆိုးတွေ မလွဲမသွေ ကြုံရတော့မှာဖြစ်ပါတယ်။ လုပ်ခဲ့တဲ့၊ ဖြစ်ခဲ့တဲ့အကြမ်းဖက်မှုတွေအတွက် တာဝန်ရှိတဲ့သူတွေဟာ တာဝန်ခံကြရတော့မှာပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ဖြစ်စဉ်တွေအရလည်း အကြမ်းဖက်နဲ့ ထမင်းလုံးတစ္ဆေခြောက်ခံနေရတဲ့ အမေရိကန်ဟာ ကိုယ်အစာကျွေးထားတဲ့လက် ကိုယ့်ပြန်ကိုက်ခံရမှာတော့ ကြောက်တတ်သူပါ။ အချိန်တန်ရင် အိမ်ရှင်ကမောင်းထုတ်ခံရတဲ့ ဧည့်သည်တွေလို တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သူတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် သူ့အတွက် အကျိုးမရှိဘူးထင်ရင် သန်းနဲ့ချီပြီး ရင်းထားရတဲ့ Burma Act ကတောင် ပြန်လည်နောက်ဆုတ်ဖို့ ဝန်မလေး၊ ဘုရားပြီးငြမ်းဖျက်မယ့်အလားအလာတွေရှိတယ်ဆိုတာ ယနေ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ (EAOs)က တွက်ချက်နားလည် သဘောပေါက်ထားကြဖို့ပဲ ဖြစ်ပါတယ်။

## ကိုယ့်အကျိုးစီးပွားနဲ့ကိုယ်၊ ကိုယ်ကျိုးသက်သက်သာ

ဘယ်လိုပဲဖြစ်ဖြစ် ယခုလို ထုတ်ပြန်ချက်အပေါ်မှာ အပြုသဘောဆောင်တဲ့ ခြေလှမ်းတစ်ခုအဖြစ်နဲ့တော့ တရားသေမှတ်ယူလို့မရပါဘူး။ နိုင်ငံတော်နဲ့ တပ်မတော်အပေါ် ဘက်ပေါင်းစုံအင်အားချည့်နဲ့အောင် လုပ်နေတဲ့ အနောက်အုပ်စုရဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် နိုင်ငံရေးကစားကွက်အောက်မှာ အလုံးစုံပျက်သုဉ်းရေး အဖျက်လုပ်ရပ်တွေဟာ တစိုက်မတ်မတ်ရှိနေဆဲဖြစ်တယ်ဆိုတာ နားလည်ထားရပါမယ်။

အခုအစီရင်ခံစာကြောင့် ပြည်တွင်းအကြမ်းဖက် EAOs တွေနဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအပေါ် အနည်းနဲ့အများ သက်ရောက်မှုတွေရှိလာနိုင်မှာဖြစ်ပြီး သူတို့ရဲ့ မီးစာကုန်ဆီခန်း၊ အဆုံးသတ်အကြမ်းဖက်မှုတွေကို ပိုပြီးလည်း လုပ်လာနိုင်ပါတယ်။ ဘိန်းဘုရင်တွေ နယ်မြေသိမ်းဖို့ လုပ်နေကြသလို အကြမ်းဖက်လက်နက်ကိုင်အားလုံးဟာ သူ့ရည်ရွယ်ချက်နဲ့သူပါ။ နောက်ကွယ်က ကူညီသူအားလုံးလည်း သူ့အကြံနဲ့သူ၊ သူ့အကျိုးစီးပွားနဲ့သူပါ။

စာမျက်နှာ ၁၃ သို့ ☆

❝အမှန်မှာ မြန်မာနိုင်ငံက လက်နက်ကိုင်အကြမ်းဖက်မှုတွေဟာ အခြေခံအကြောင်းတရားက တစ်ခုတည်းရှိပါတယ်။ ကိုယ်ကျိုးစီးပွားသက်သက်ပါပဲ။ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးနဲ့ ကိုယ့်လူမျိုးစု၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်၊ ကိုယ့်ဘာသာသာသနာ၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ဘာတစ်ခုမှအခြေမခံပါဘူး။ မိမိနဲ့ မိမိအမျိုးတစ်စုကောင်းစားရေး၊ ကိုယ်ကျိုးစီးပွားတည်ဆောက်ပြီး ချမ်းသာကြွယ်ဝရေးသက်သက်ပါပဲ။ ဒါကြောင့်လည်း ဒေသအလိုက် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက လုပ်ပေးထားတဲ့ အခြေခံအဆောက်အအုံမှန်သမျှ အဖျက်သက်သက် ဖျက်ဆီးနေကြခြင်းဖြစ်❞

# ထိုင်းနိုင်ငံ၌ ဂျပန်လျှပ်စစ်ကားကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံကြရန် ထိုင်းဝန်ကြီးချုပ်တောင်းဆို




**တိုကျို ဒီဇင်ဘာ ၁၄**

ထိုင်းနိုင်ငံ၌ ဂျပန်လျှပ်စစ်ကားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတိုးချဲ့ရေးအတွက် ထိုင်းဝန်ကြီးချုပ် ဆရက်သာသာ ဗီဆင်က တိုက်တွန်းခဲ့သည်။

တိုကျိုမြို့၌ ကျင်းပသည့် ဂျပန်-အာဆီယံ ထိပ်သီးဆွေးနွေးပွဲတွင် တွေ့ဆုံမေးမြန်းစဉ် ၎င်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်-အာဆီယံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်ရေး နှစ် (၅၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ယင်းထိပ်သီးဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ၅၀ ကြာကာလအတွင်း ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်ကုမ္ပဏီများက ထိုင်းနိုင်ငံတွင် ငွေကြေးရင်းနှီးမြှုပ်နှံခဲ့ခြင်းကို ဝမ်းမြောက်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဂျပန်လျှပ်စစ်ကားကုမ္ပဏီများအနေဖြင့် ထိုင်းနိုင်ငံတွင် လုပ်ငန်းအများအပြားလာရောက်ဆောင်ရွက်မည်ဆိုပါက အခွန်ငွေလျှော့ချပေးရေး ထိုင်းအစိုးရက စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

## ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသမီး ကွယ်လွန်

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံ အိုဆာကာစီရင်စု ကာရှိဝါယာမြို့၌ နေထိုင်သည့် ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသမီး ဖူဆာတက်ဆူမီသည် ဒီဇင်ဘာ ၁၂ ရက်က အသက် ၁၁၆ နှစ်အရွယ်တွင်ကွယ်လွန်သွားခဲ့ကြောင်း ကာရှိဝါယာမြို့မှ တာဝန်ရှိသူများကပြောကြားသည်။

၁၉၀၇ ခုနှစ် ဧပြီ ၂၅ ရက်တွင် မွေးဖွားခဲ့သည့် တက်ဆူမီသည် ၎င်း၏ သက်ကြီးရွယ်အို ဘဝဖြတ်သန်းမှုကို ကာရှိဝါယာမြို့ရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာတွင် နေထိုင်ကုန်ဆုံးခဲ့ပြီး ယင်းဂေဟာရှိ ဝန်ထမ်းများ၏စောင့်ရှောက်မှုကို ခံယူခဲ့ကြောင်းသိရသည်။

ယမန်နှစ်အတွင်းက ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံး အမျိုးသမီးဖြစ်သည့် ဖူကူအိုကာမြို့တွင်နေထိုင်သည့် အသက် ၁၁၉ နှစ်အရွယ် အဘွားအို သေဆုံးခဲ့ပြီးနောက် တက်ဆူမီမှာ ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသမီး ဖြစ်လာခဲ့သည်။




လက်ရှိတွင် ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသမီးမှာ စပိန်နိုင်ငံတွင် နေထိုင်သည့် အသက် ၁၁၆ နှစ်အရွယ်ရှိ Maria Branyas Morera ဖြစ်ကြောင်း ဂရင်းနစ်ကမ္ဘာ့မှတ်တမ်းအရ သိရသည်။

**ကိုးကား-ကျိုဒိုနယူးစ်**
**ဘာသာပြန်-စိုးသူရ**

## ကမ္ဘောဒီးယားနိုင်ငံ၌ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦး မျောက်ကျောက်ရောဂါ ကူးစက်ခံနေရ

**ဖနောင်ပင် ဒီဇင်ဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံ၌ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦး မျောက်ကျောက်ရောဂါ ကူးစက်ခံနေရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

၎င်းအမျိုးသားသည် ယမန်နှစ် ဇူလိုင်လမှစပြီး နိုင်ငံအတွင်း၌ ဒုတိယမြောက် မျောက်ကျောက်ရောဂါကူးစက်ခံရသူ ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဖနောင်ပင်မြို့ ဆန်ဆောက်ခ်ခရိုင်တွင်နေထိုင်သော အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးသည် မျောက်ကျောက်ရောဂါကူးစက်ခံစားနေရကြောင်း ဒီဇင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်သည့် အမျိုးသားကျန်းမာရေးအင်စတီကျု၏ ဓာတ်ခွဲခန်းရလဒ်အရ သိရသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ အမျိုးသားသည် ယခုလအစောပိုင်းတွင် လည်ပင်း၊ ပါး၊ လက်ဖျံနှင့် ခြေထောက်များ၌ အဖုအပိမ့်များ ပျံ့နှံ့လာသည့်အတွက် ဆေးရုံသို့လာရောက်ကာ ဆေးကုသမှု ခံယူခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကျန်းမာရေး အာဏာပိုင်များသည် ရောဂါကူးစက်မှု၏ အရင်းအမြစ်ကို ရှာဖွေနေပြီး သံသယရှိသူ သို့မဟုတ် ရောဂါကူးစက်ခံရသူနှင့် ထိတွေ့ခဲ့သူများကို စစ်ဆေးနေကြောင်း သိရသည်။

မျောက်ကျောက်ရောဂါ ဗိုင်းရပ်စ်သည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မျောက်ကျောက်ရောဂါသည် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးတွင် မျောက်ကျောက်ရောဂါရှိနေပါက ချက်ကြိုးမှတစ်ဆင့် မိခင်မှ ကလေးသို့ ကူးစက်နိုင်သည်။


ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် နိုင်ဂျီးရီးယားအမျိုးသားတစ်ဦးတွင် မျောက်ကျောက်ရောဂါ ပထမဆုံးတွေ့ရှိခဲ့ပြီး ဆေးကုသမှုခံယူပြီးနောက် နှစ်ပတ်ခန့်အကြာတွင် ပြန်လည်ကောင်းမွန်လာခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ဂျပန်နိုင်ငံ၌ မျောက်ကျောက်ရောဂါဖြင့် သေဆုံးသူစတင်တွေ့ရှိ

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံ တိုကျိုမြို့အနီးရှိ ဆိုင်းတမစီရင်စုတွင် နေထိုင်သော အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးသည် မျောက်ကျောက်ရောဂါဖြင့် သေဆုံးခဲ့ပြီး နိုင်ငံအတွင်း မျောက်ကျောက်ရောဂါဖြင့် ပထမဆုံးသေဆုံးမှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။




ဝန်ကြီးဌာန၏ အဆိုအရ အဆိုပါ အမျိုးသားသည် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရခြင်းကြောင့် ခုခံအား ကျဆင်းမှုဝေဒနာခံစားခဲ့ရသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

အဆိုပါ အမျိုးသားသည် စက်တင်ဘာလတွင် ပြည်တွင်းရှိ ဆေးရုံတစ်ခုတွင် စစ်ဆေးခဲ့ရာမှ မျောက်ကျောက်ရောဂါပိုးတွေ့ရှိခဲ့ကြောင်း ဝန်ကြီးဌာနက ထပ်လောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် နိုင်ငံ၏ ပထမဆုံး မျောက်ကျောက်ရောဂါ ကူးစက်မှုကို ယမန်နှစ် ဇူလိုင်လတွင် အတည်ပြုခဲ့သည်။

ဒီဇင်ဘာ ၃ ရက်အထိ တစ်နိုင်ငံလုံးတွင် အတည်ပြုလူနာ ၂၂၇ ဦးရှိပြီဟု ဝန်ကြီးဌာနက ပြောသည်။

မျောက်ကျောက်ရောဂါသည် အဖျားကြီးခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အဖုအပိမ့်များ ဖြစ်ပေါ်စေပြီး ရောဂါလက္ခဏာများသည် နှစ်ပတ်မှ လေးပတ်ခန့်ကြာမြင့်သည်။

ယခုနှစ် မေလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ အရေအတွက် ကျဆင်းလာခြင်းကြောင့် မျောက်ကျောက်ရောဂါ ကူးစက်မှုကို ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေမှ ပယ်ဖျက်ကြောင်း ကြေညာခဲ့သည်။

**ကိုးကား-ကျိုဒိုနယူးစ်**
**ဘာသာပြန်-စိုးသူရ**

☆ စာမျက်နှာ ၁၂ မှ

မနေ့တစ်နေ့ကပဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အစ္စရေး-ဟားမတ်စ်စစ် တစ်ခဲနက်အပစ်ရပ်တောင်းဆိုချက်အမိန့်ကို အမေရိကန်ဘက်က မလေးမစား ဗီတိုသုံး ပယ်ချလိုက်တာကြည့်ရင် သိနိုင်ပါတယ်။ မိမိတို့ပြည်သူတွေသိဖို့က အမေရိကန်ဟာ မြန်မာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအပေါ် အကြမ်းဖက်တံဆိပ်တပ်နေစဉ် တစ်ချိန်တည်းမှာ ဂါဇာစစ်မှာ အစ္စရေးကို လက်နက်အကြီးအကျယ်ထောက်ပံ့ပြီး လူ့အခွင့်အရေးကျူးလွန်မှုတွေမှာ ကြံရာပါအဖြစ် ရပ်တည်နေတယ်ဆိုတာပါပဲ။

အမေရိကန်နဲ့ အနောက်အုပ်စုဟာ သူတို့ ရေရှည်အကျိုးစီးပွားထိခိုက်မှာကို ဘယ်တော့မှ မစွန့်လွှတ်တတ်ဘူး၊ ဘယ်တော့မှလည်း မရပ်တန့်တတ်ဘူးဆိုတာ သိသာတဲ့အချက်ဖြစ်ပြီး အမေရိကန်တွေဟာ သူတို့ထောက်ပံ့ခဲ့တာတွေအတွက် အတိုးရောအရင်းပါ ပြန်ယူတတ်တဲ့သူတွေဆိုတာကိုလည်း သိထားဖို့လိုပါတယ်။

**ဒီလိုအချိန်မှာပြည်တွင်း၊ပြည်ပ ကောက်ကျစ်မှုနဲ့ကြမ်းကြုတ်မှုတွေအပေါ် နိုင်ငံတော်၊ တပ်မတော်နဲ့ ပြည်သူတွေရဲ့ ခံနိုင်ရည်အားကများစွာအရေးကြီးလာပြီဖြစ်ပါတယ်။ ယုတ်မာတဲ့သူဆိုတာ ပြုပြင်နိုင်ခဲလှပါတယ်။ စေတနာမေတ္တာနဲ့အချိန်ပေးခဲ့တာ တန်ရဲ့လား၊ သူယုတ်မာနဲ့သူတော်ကောင်းအကြား ပြည်သူတွေရဲ့ သုံးသပ်ချက်ဟာ ကွဲကွဲပြားပြားရှိလာပြီလို့လည်း ယူဆမိပါတယ်။ အဓိကအချက်က ဘယ်သူတွေ ဘာပြောပြော၊ ဘာသုတေသနပဲလုပ်လုပ် နိုင်ငံအကျိုးအခြေခံတဲ့ ဘုံရည်မှန်းချက်တူညီဖို့က အရေးကြီးဆုံးပါပဲ။**

**တည်ငြိမ်ရေးက ယခုအချိန်မှာ အရေးကြီးဆုံးဖြစ်တဲ့အတွက် တည်ငြိမ်အေးချမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးမှာ တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးဖို့ဖြစ်ပါတယ်။ ဘုံရန်သူက ဘယ်သူလဲ၊ ပြည်သူကို လက်တွေ့ ကာကွယ်စောင့်ရှောက်နေသူကဘယ်သူလဲ၊ ဘယ်သူ့ကို ယုံကြည်သင့်ပါသလဲဆိုတာ သိနားလည်ပြီးသကာလ ရည်မှန်းချက်လည်းတူမယ် ညီညွတ်မှုလည်းရှိကြမယ်ဆိုရင် အချိန်မီကုသဖို့ဆေးလည်း ပေါ်လာမှာဖြစ်ပါတယ်။**

အကြမ်းဖက်နဲ့ အကြမ်းဖက်အားပေးမှုတွေအတွက် အခုလိုအချိန်ဟာ မိမိတို့အတွက် အလှည့်အပြောင်း (turning point) တစ်ခုဖြစ်ကြောင်း အစီရင်ခံစာအပေါ် များစွာအလေးထားသတိမူပြီး အကြမ်းဖက်မှုတွေကို လုံးဝစွန့်လွှတ်ချိန်တန်ပြီလို့သာ တိုက်တွန်းချင်ပါတယ်။ အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်တွေ၊ ပညာဉာဏ်ပြည့်တဲ့ တိုင်းရင်းသားပြည်သူတွေနဲ့အတူ အကြမ်းဖက်တွေအနေနဲ့ မိမိတို့ရဲ့ လုပ်ရပ်တွေကို သုံးသပ်အဖြေရှာပြီး ပြည်သူ့အသံနားစွင့်ကာ အေးချမ်းမှုကို အတူရှာဖွေကြဖို့ပဲဖြစ်ပါတယ်လို့ ဆိုလိုက်ပါရစေ။ ။

> **❛ ဘယ်လိုပဲဖြစ်ဖြစ် ယခုလို ထုတ်ပြန်ချက်အပေါ်မှာ အပြုသဘောဆောင်တဲ့ ခြေလှမ်းတစ်ခုအဖြစ်နဲ့တော့ တရားသေမှတ်ယူလို့မရပါဘူး။ နိုင်ငံတော်နဲ့ တပ်မတော်အပေါ် ဘက်ပေါင်းစုံအင်အားချည့်နဲ့အောင်လုပ်နေတဲ့ အနောက်အုပ်စုရဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် နိုင်ငံရေးကစားကွက်အောက်မှာ အလုံးစုံပျက်သုဉ်းရေး အဖျက်လုပ်ရပ်တွေဟာ တစိုက်မတ်မတ်ရှိနေဆဲဖြစ်တယ်ဆိုတာ နားလည်ထားရပါမယ် ❜**

# လောင်းလုံးမြို့နယ် ညင်းမော်ရွာကို စစ်တပ်က ဝင်ရောက်စီးနင်းပြီး သိန်း ၅၀၀ ကျော် တန်ဖိုးရှိ ပြည်သူပိုင်ပစ္စည်းများကို ဓားပြတိုက်ခိုးယူသွားဟု တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit Media မှ ကောလာဟလသတင်း ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၁၄

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညင်းမော်ရွာကို တပ်မတော်က ဝင်ရောက်စီးနင်းပြီး သိန်း ၅၀၀ ကျော်တန်ဖိုးရှိပြည်သူပိုင်ပစ္စည်းများကို ဓားပြတိုက်ခိုးယူသွားသည်ဟု မဟုတ်မမှန်သတင်းများကို ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦး၏ ဖြေကြားချက်အရ ဒီဇင်ဘာ ၁၃ ရက်က တပ်မတော်မှ လောင်းလုံးမြို့နယ် ညင်းမော်ကျေးရွာနှင့် အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့မှုမရှိကြောင်း၊ သတင်းအမှားသာဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်နှင့် ပြည်သူလူထုအကြား အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်သတင်းများကို အချိန်ကိုက်ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းမှ ရပ်ကျေးအုပ်ချုပ်ရေးမှူး ၄၅ ဦး နုတ်ထွက်စာတင်ထားသော်လည်း ထွက်ခွင့်မရဟု လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဒီဇင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းမှ ရပ်ကျေးအုပ်ချုပ်ရေးမှူးများအား ဒီဇင်ဘာလ ၆ ရက်ကစပြီး ဟင်္သာတမြို့ရှိ နယ်မြေခံတပ်ရင်းတွင် စစ်သင်တန်း တက်ရမည်ဖြစ်ကြောင်း၊ ပြီးရင် ရှေ့တန်းကို ပို့ခံရမည်ဖြစ်သည့်အတွက် ရပ်ကျေးအုပ်ချုပ်ရေးမှူးများမှ နုတ်ထွက်စာတင်သော်လည်း ထွက်ခွင့်မရဟု သတင်းတု၊ သတင်းမှားများအား လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိသည်။

**သတင်းတု၊ သတင်းမှားများသာဖြစ်**

အဆိုပါ သတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း တပ်တွင်းသတင်းအရင်းအမြစ်များနှင့် ဟင်္သာတမြို့နယ် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၏ ပြောကြားချက်အရ သိရသည်။

ပြည်ဖျက်မီဒီယာများမှ မီဒီယာကို အကြမ်းဖက်လက်နက်သဖွယ် အသုံးချကာ သတင်းတု၊ သတင်းမှားများကို ရေးသားဖော်ပြလျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် တပ်မတော်အား ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စက်ယန္တရားယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၄

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထားဝယ်ခရိုင် ရေဖြူမြို့နယ်၌ လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)၊ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)၊ မြိတ်ခရိုင် ကျွန်းစုမြို့နယ်၌ လိုင်စင်မဲ့ ဘက်ဟိုး တစ်စီး၊ CAT ဘက်ဟိုး တစ်စီး၊ DOOSAN ဘက်ဟိုး တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀၀)၊ မြိတ်ခရိုင် မြိတ်မြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) နှင့် ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မြိတ်ခရိုင် မြိတ်မြို့နယ်၌ တရားမဝင် အခြားသစ် (၃ ဒသမ ၀၉၉) တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၉၇၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၁၆၄၉၇၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ်၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၂၇၈ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၅၂၄၀) ကို လည်းကောင်း၊ လှိုင်သာယာမြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ၂၁ ဂါလန်၊ ဒီဇယ်ဆီ ၄၁ ဂါလန်၊ အင်ဂျင်ဝိုင်သစ်/ဟောင်း ဂါလန် ၂၄၀၀ (ခန့်မှန်းတန်ဖိုးငွေ ၉၄၆၈၅၆၅ ကျပ်) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၁၉၅၃၈၀၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၃ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃မှု (ခန့်မှန်းတန်ဖိုးငွေ ၂၇၉၁၁၈၇၇၅ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၂-၂၀၂၂ သောကြာနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဧည့်ချော့ရွှေမြေနှင့်ငွေထည်လုပ်ငန်း
၀၉:၁၅ ရခိုင်ရိုးရာသမက်တက်မင်္ဂလာ
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူမှုစီးပွားသတင်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၁၇)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံဝင်ဖော်ထုတ်' (အပိုင်း-၂၅)
၁၄:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၈၁)
၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ့
၁၇:၀၅ ထူးဆန်းဖွေရှာရခိုင်ဓလေ့ရှေးရိုးရာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၀၀ မေးမြန်းဖြေကြားပြည်သူ့အတွက်သတင်းစကား
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၁၈)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ရန်ကုန်တက္ကသိုလ် (၁၀၃) နှစ်မြောက်ဝက်မြို အစီအစဉ် "တုံကော်မြို့တော်" တေးဂီတ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၃)
၂၂:၀၀ မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၃)

### mitv

07:01 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
07:07 Gardener of Royal Thazin Floral
07:28 Popa Trip
07:39 Tha Khut Flowers Salad (Rakhine Style)
07:52 Scented Buddha Images
08:01 News
08:27 Interesting Features of Rakhine
08:47 Tea Leaves
09:01 Listening Pleasure, Instrumental Music (Horn Violin) Myaing Gyi Hay Mar
09:14 Rakhine Traditional Wedding Ceremony
09:29 Myanmar Marionette
10:01 News

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၁)
**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ
**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
'ဝ' ရိုးရာဝက်သားပဲနှပ်ဟင်းရည်
**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
စားချင်စဖွယ် ကချင်ဆာဖြယ်
**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု
**စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ဒန့်သလွန်သီး
**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ဗိတ္ထိလာကန်သို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ဩဇာသီးရဲ့အကျိုးကျေးဇူး
**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
တေးသံရှင်ဘီလီငွန်ကျူးဘိမ် (ရင်တွင်းသီချင်း)
**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်ကလေး
**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
သံတော်ရှင်ကျိုက်ထီးရိုး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၄၅ ရသစုံစွာဖြင့်မြေကမ္ဘာ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၈:၄၅ Save Our Planet Program
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ Footbal Highlights
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၂)
၁၈:၀၀ Economic Review (အပိုင်း-၃၂) 'ငွေပိုလျှံငွေဘာလုပ်သင့်လဲ'

### MRTV FARMERS' Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၀ ပြင်ဦးလွင်ထူးဖောင်အေးရှင်းလိမ္မော်စိုက်ခင်း
၀၆:၅၀ သစ်တောသစ်ပင်ထိန်းသိမ်းကြစို့ထာဝစဉ် ကျောက်တစ်လုံးကြိုးပြင်ကာကွယ်တော
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Last Christmas (နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ ရေမဆေးဘကျော်(ဇာတ်လမ်း)
၂၃:၃၀ How American Farmers Raise Millions Of Poultry In The Pasture - Chicken Farming

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၅၀ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၃၅ Soccer View

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm




## (၇၆)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၄

(၇၆)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက ယနေ့တွင် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ အား ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လားရှိုးမြို့ရှိ နယ်မြေခံကျောင်းများတွင် ယာယီတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း အောက်တိုဘာ ၂၇ ရက်မှစ၍ MNDAA၊ TNLA၊ AA အဖွဲ့တို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အချို့သောကျေးရွာများ၊ မြို့များ၊ လမ်း၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသခံပြည်သူလူထုတို့အနေဖြင့် ၎င်းတို့၏နေရပ်မှ တိမ်းရှောင်စွန့်ခွာ၍ လားရှိုးမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးကျောင်းများ၊ ရုံး၊ အဆောက်အအုံများ၌ ယာယီတည်းခိုနေထိုင်ရလျက်ရှိသည်။ အဆိုပါ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များအဆင်ပြေစေရန် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့မှ ဦးဆောင်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

### ထောက်ပံ့ပေးအပ်

ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လားရှိုးမြို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များ၌ လာရောက်တည်းခိုနေထိုင်လျက်ရှိပြီး လားရှိုးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူ ၅၆ ဦးအတွက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ထောက်ပံ့ပေးအပ်သည့် ကျောင်းဝတ်စုံများ၊ ကျောပိုးအိတ်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းသုံးပစ္စည်းများကို တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ပဲထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မိုး/ဇလ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Angel Lay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ပွင့်ဖြူအောင်အား ညနေ ၃ နာရီ ၄၅ မိနစ်တွင် လှိုင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ( ၇၅၉ /၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )

ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများတွင် ပါရှိသည့် "ကုန်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "တားဆီးနှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့" ဆိုသည့် စကားရပ်ကို "တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲတပ်ဖွဲ့" ဆိုသည့်စကားရပ်ကို "မြန်မာနိုင်ငံရဲတပ်ဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်နယ်၊ တိုင်းရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "မြို့နယ်ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲမှုခင်းတပ်ဖွဲ့" ဆိုသည့် စကားရပ်ကို "မှုခင်းရဲတပ်ဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲမှုခင်း တပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "မှုခင်းရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဒုတိယမှုခင်း တပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "ဒုတိယမှုခင်းရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲသတင်းတပ်ဖွဲ့" ဆိုသည့် စကားရပ်ကို "သတင်းရဲတပ်ဖွဲ့" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "ဒုတိယသတင်းတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "ဒုတိယသတင်းရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျန်းမာရေးဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ကုသရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "လူမှုဝန်ထမ်းဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ပြန်လည် ထူထောင်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂ တွင်-

(က) နည်းဥပဒေခွဲ (ဆ)၊ (ဇ)၊ (ဈ)၊ (ည) နှင့် (ဋ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) **လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ဋ) အရ ဗဟိုအဖွဲ့က ဖွဲ့စည်းပေးသော အဖွဲ့ကို ဆိုသည်။

( ဇ ) **ကြီးကြပ်ကွပ်ကဲမှုအဖွဲ့** ဆိုသည်မှာ နည်းဥပဒေ ၃ အရ ဖွဲ့စည်းထားသော ဆေးဝါးသုံးစွဲသူကုသရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ကို ဆိုသည်။

( ဈ ) **ပြန်လည်ထူထောင်ရေးစခန်း** ဆိုသည်မှာ ဥပဒေအခန်း (၆) ပါ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနအောက်ရှိ ပြန်လည်ထူထောင်ရေးစခန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သော ပြုစုပျိုးထောင်ရေးစခန်းများလည်း ပါဝင်သည်။

(ည) **ဆေးဝါးသုံးစွဲသူကုသရေးဌာန** ဆိုသည်မှာ ဆေးဝါးသုံးစွဲသူများအား ဆေးကုသရန် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့်ဆေးရုံ၊ ဆေးကုသဌာန သို့မဟုတ် ခွင့်ပြုချက်ပေးထားသည့် ဆေးကုဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့် ဆေးကုသဌာန သို့မဟုတ် ဆေးကုဂေဟာကို ဆိုသည်။

( ဋ ) **ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်း** ဆိုသည်မှာ ဗဟိုအဖွဲ့နှင့် ဥပဒေပုဒ်မ ၇ အရ ဗဟိုအဖွဲ့က ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို ဆိုသည်။"

( ခ ) နည်းဥပဒေခွဲ (ဌ) ကို ပယ်ဖျက်ရမည်။

( ဂ ) နည်းဥပဒေခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) **တာဝန်ခံဆရာဝန်** ဆိုသည်မှာ ဆေးဝါးသုံးစွဲသူကုသရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော တာဝန်ခံဆရာဝန်ကို ဆိုသည်။"

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ အခန်း(၂)၊ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"ဆေးဝါးသုံးစွဲသူကို ဆေးကုသပေးခြင်း"**

၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ဆေးဝါးသုံးစွဲသူအား ထိရောက်စွာ ကုသနိုင်ရေးအတွက် မိမိတို့နှင့် သက်ဆိုင်ရာဒေသအတွင်းရှိ ဆေးဝါးသုံးစွဲသူကုသရေးဌာနများ၌ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့များ ဖွဲ့စည်းပေးရမည်။"

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ (က) ဆေးဝါးသုံးစွဲသူသည် အသက် ၁၈ နှစ်ပြည့်ပါက မိမိ၏သဘောဆန္ဒအလျောက်ဖြစ်စေ၊ အသက် ၁၈ နှစ် မပြည့်သေးပါက မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူ လာရောက်၍ဖြစ်စေ ဆေးဝါးသုံးစွဲသူကုသရေးဌာန၌ ဆေးကုသမှုခံယူရမည်။

( ခ ) ဆေးဝါးသုံးစွဲသူအား ဆေးဝါးကုသမှုပြီးဆုံးပါက ပြန်လည်ထူထောင်ရေး စခန်းသို့ ပို့အပ်သင့်သည်ဟု ဆေးကုသရေးအဖွဲ့နှင့် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့က ယူဆလျှင် ၎င်းအဖွဲ့များက ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

( ဂ ) ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူအား သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ လွှဲပြောင်းပို့အပ်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူအား သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်း၌ ခြောက်လထိ ပြုစုပျိုးထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်။"

၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅ နှင့် ၆ တို့ကို ပယ်ဖျက်ရမည်။

၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဆေးဝါးသုံးစွဲသူသည် ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို လျှော့ချရန် ဆေးဝါးသုံးစွဲသူကုသရေးဌာနများထံမှ အောက်ပါဝန်ဆောင်မှုများ ရယူနိုင်သည်-

(က) တစ်ခါသုံးဆေးထိုးအပ်များ၊

( ခ ) အစားထိုးဆေးဝါးကုသမှု၊

( ဂ ) ခုခံအားကျဆင်းမှုကူးစက်ရောဂါ ရှိ မရှိ စစ်ဆေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးမှု၊

(ဃ) ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကုသဆေးများ၊

( င ) ကာလသားရောဂါ ကာကွယ်ကုသမှု၊

( စ ) ကွန်ဒုံးများ၊

(ဆ) ဆေးဝါးသုံးစွဲသူနှင့် ၎င်းတို့နှင့်လိင်ဆက်ဆံသူများအား သတင်းအချက်အလက်နှင့် ပညာပေးဆွေးနွေးမှုများ၊

( ဇ ) အသည်းရောင်အသားဝါရောဂါ ကာကွယ်ဆေးထိုးခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်း၊

( ဈ ) တီဘီရောဂါကာကွယ်ခြင်းနှင့် ကုသခြင်း၊

(ည) ဆေးလွန်မှုကုသရန် ဆေးဝါးများ၊

( ဋ ) ကျန်းမာရေးဆိုင်ရာအသိပညာနှင့် လိုအပ်သောအကူအညီများ။"

၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ အကျဉ်းထောင်တာဝန်ခံ သို့မဟုတ် ရဲစခန်းမှူးသည် တည်ဆဲဥပဒေပါ ပြစ်မှု တစ်ရပ်ရပ်ဖြင့် ချုပ်ထားခြင်းခံရသူ သို့မဟုတ် ပြစ်ဒဏ်ကျခံနေရသူသည် ဆေးဝါးသုံးစွဲကြောင်း စိစစ်သိရှိရပါက သက်ဆိုင်ရာတာဝန်ခံဆရာဝန်နှင့်ညှိနှိုင်း၍ ဆေးကုသနိုင်ရန် ဆောင်ရွက်ပေးရမည်။"

၁၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၉ ၏နောက်တွင် နည်းဥပဒေ ၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၉-က။(က) သက်ဆိုင်ရာ ရဲစခန်းမှူးအဆင့်အောက် မနိမ့်သော ရဲအရာရှိသည် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမဆေးစစ်ချက် ခံယူစေရမည်။ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရန် ဆေးဝါးသုံးစွဲသူ ကုသရေးဌာနသို့ ဆောလျင်စွာ ပို့အပ်ရမည်။

( ခ ) သက်ဆိုင်ရာ ရဲစခန်းမှူးသည် ပဏာမဆေးစစ်ချက်ခံယူရန် ငြင်းဆန်ပျက်ကွက်သူကို ဖြစ်စေ၊ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပြီး ဆေးကုသမှုခံယူရန် ပျက်ကွက်သူကိုဖြစ်စေ ခံဝန်ချုပ် ချုပ်ဆိုနိုင်ရန် မြို့နယ်တရားရုံးသို့ လျှောက်ထားရမည်။

( ဂ ) တရားရုံးသည် နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားခြင်းခံရသူအား ပဏာမဆေးစစ်ချက်ခံယူနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင်စေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ဆေးဝါးသုံးစွဲသူက နည်းဥပဒေခွဲ (ဂ) အရ ချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုခြင်း မပြုလျှင်ဖြစ်စေ၊ ချမှတ်သော ခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လ ပို့အပ်သည့်အမိန့်ချမှတ်ရမည်။

( င ) နည်းဥပဒေခွဲ (ဃ) အရ အမိန့်ချမှတ်ခြင်းခံရသူအား ပြန်လည်ထူထောင်ရေး စခန်းသို့ သက်ဆိုင်ရာရဲစခန်းက လိုအပ်သောအစီအမံဖြင့် ပို့အပ်ရမည်။

( စ ) ထိုသို့ ပို့အပ်ခြင်းခံရသူသည် သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းက သတ်မှတ်ထားသည့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ နေထိုင်ရမည်။

(ဆ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဆေးဝါးသုံးစွဲသူ သို့မဟုတ် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူနှင့်စပ်လျဉ်း၍ သတင်းပေးပို့လာပါက နည်းဥပဒေခွဲ (က) ၊ (ခ) တို့နှင့်အညီ ဆောင်ရွက်ရမည်။"

၁၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ တွင်-

(က) နည်းဥပဒေခွဲ (က) ၌ ပါရှိသော "မှတ်ပုံတင်ပြီး" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

( ခ ) နည်းဥပဒေခွဲ (ဃ) နှင့် (င) တို့ကို ပယ်ဖျက်ရမည်။

၁၂။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁ တွင်-

(က) ခြေဆင်း၌ ပါရှိသော "မှတ်ပုံတင်ခြင်း" ဆိုသည့် စကားရပ်နှင့် "မှတ်ပုံတင်ပယ်ဖျက်ခြင်းလုပ်ငန်းများနှင့်" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်(၇၆၀ /၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

ပြည်ထဲရေးဝန်ကြီးဌာနသည် လောင်းကစားဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို **လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် လောင်းကစားဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဥပဒေ** ဆိုသည်မှာ လောင်းကစားဥပဒေကို ဆိုသည်။
(ခ) **ဝရမ်း** ဆိုသည်မှာ လောင်းကစားအိမ် သို့မဟုတ် ကာစီနို(Casino)သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဥပဒေနှင့်အညီ ထုတ်ပေးသည့် ဝရမ်းကိုဆိုသည်။
(ဂ) **အစီရင်ခံစာ** ဆိုသည်မှာ လောင်းကစားဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသည့် အစီရင်ခံစာပုံစံကို ဆိုသည်။
(ဃ) **မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိ** ဆိုသည်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယတိုင်းဒေသကြီး သို့မဟုတ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ဌာနကြီးမှူး (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ ဒုတိယရဲချုပ်နှင့် ရဲချုပ်ကို ဆိုသည်။ ယင်းစကားရပ်များတွင် အဆိုပါ ရာထူးတာဝန်များကို ထမ်းဆောင်နေသည့် မည်သည့် ရဲအရာရှိမဆို ပါဝင်သည်။
(င) **ပုံစံ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသည့်ပုံစံကို ဆိုသည်။

**အခန်း(၂)**
**အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကို ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ**

၃။ အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းနှင့် လောင်းကစားခြင်း၌ ပါဝင်သူများကို မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

၄။ အပိုဒ် ၃ အရ ဖမ်းဆီးရာတွင် ဖမ်းဆီးသူသည်–
(က) ကိုယ်တိုင်ဖမ်းဆီးနိုင်သည်။
(ခ) လိုအပ်သော အကူအညီများရယူပြီး သင့်လျော်သောနည်းလမ်းဖြင့် ဖမ်းဆီးနိုင်သည်။
(ဂ) ဖမ်းဆီးရာတွင် လိုအပ်သောအင်အားကို အသုံးပြုနိုင်သည်။

၅။ (က) အပိုဒ် ၄ အရ ဖမ်းဆီးသူသည်–
(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်းကတိခံဝန်ချုပ်(ပုံစံ-ဃ)ဖြင့် ပေးအပ်ထားနိုင်သည်။
(၂) မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ကျန်ဖမ်းဆီးခွင့်ရှိသူများဖြစ်ပါက မိမိအားကြီးကြပ်ကွပ်ကဲအုပ်ချုပ်သည့် အထက်အရာရှိထံသို့လည်းကောင်း ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။
(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)အရ အပ်နှံခြင်းကို လက်ခံရရှိသည့် ရဲစခန်းသည် ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

**အခန်း (၃)**
**လောင်းကစားအိမ်သို့ ကိုယ်တိုင်ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင်ဆောင်ရွက်ရန် နည်းလမ်းများ**

၆။ လောင်းကစားအိမ်သို့ ကိုယ်တိုင်ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ရှိသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာနယ်မြေအတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးက သတင်းပေးခြင်းကြောင့် သိရှိလျှင်ဖြစ်စေ လောင်းကစားသတင်းပေး မှတ်တမ်း(ပုံစံ-င)တွင် အောက်ပါအချက်များကို ဖော်ပြ၍ ရေးမှတ်ထားရမည်–
(က) လောင်းကစားအိမ် တည်ရာ နေရပ်လိပ်စာ၊
(ခ) လောင်းကစားအိမ်ရှင် (နေထိုင်သူ) အမည်၊
(ဂ) ရေးမှတ်သည့် နေ့ရက်နှင့် အချိန်နာရီ၊
(ဃ) သတင်းနှင့် ယုံကြည်လောက်သော အကြောင်းအချက်။

၇။ အပိုဒ် ၆ အရ ဆောင်ရွက်သူသည် သတင်းပေးသူ၏ အမည်နှင့်နေရပ်လိပ်စာကို လိုအပ်မှသာ အစီရင်ခံတင်ပြရမည်။

၈။ အပိုဒ် ၆ အရ ရေးမှတ်သော လောင်းကစားသတင်းပေးမှတ်တမ်း(ပုံစံ-င)ကို လိုအပ်ပါက သက်ဆိုင်ရာ တရားရုံးသို့ သက်သေခံအဖြစ် တင်သွင်းနိုင်ရန် လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

၉။ အပိုဒ် ၆ အရ လောင်းကစားသတင်းပေးမှတ်တမ်း(ပုံစံ-င)တွင် ရေးမှတ်ပြီးနောက် ၂၄ နာရီအတွင်း လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရမည်။ ထိုသို့ ဖမ်းဆီးရာတွင်–
(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးဖြစ်ပါက ကိုယ်တိုင် ဦးစီး၍ ဖမ်းဆီးနိုင်သည်။
(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက ကိုယ်တိုင်ဦးစီး၍ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူး တစ်ဦးဦးအပါအဝင် အနည်းဆုံး နှစ်ဦးပါဝင်လျက် အဖွဲ့ဖြင့်ဖမ်းဆီးနိုင်သည်။ လိုအပ်ပါက ရဲတပ်ဖွဲ့ဝင်အကူအညီကို ရယူနိုင်သည်။
(ဂ) ဖမ်းဆီးရမိခြင်းမရှိပါက မိမိ၏အထက်ဌာနသို့ ဆောလျင်စွာတင်ပြရမည်။

၁၀။ အပိုဒ် ၉ အရ ဖမ်းဆီးရာတွင် ဖမ်းဆီးသူသည်–
(က) ရှာဖွေပုံစံ ပါရှိရမည်။
(ခ) သက်သေ အနည်းဆုံးနှစ်ဦး ပါရှိရမည်။
(ဂ) လုံလောက်သည့် အင်အားကို အသုံးပြုနိုင်သည်။
(ဃ) လောင်းကစားအိမ်အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ခြင်းမရှိပါက မည်သည့်နည်းဖြင့်မဆို ဝင်ရောက်ခွင့်ရှိသည်။

၁၁။ (က) အပိုဒ် ၁၀ အရ ဖမ်းဆီးသူသည်–
(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ(ပုံစံ-ခ)ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်းကတိခံဝန်ချုပ်(ပုံစံ-ဃ)ဖြင့် ပေးအပ်ထားနိုင်သည်။
(၂) မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။
(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁) အရ အပ်နှံခြင်းကိုလက်ခံရရှိသည့် ရဲစခန်းသည် ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

**အခန်း (၄)**
**ဝရမ်းထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ**

၁၂။ ဥပဒေအရ ဝရမ်းထုတ်ပေးခွင့်ရှိသူသည် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဝရမ်းထုတ်ပေးခြင်းမပြုမီ လောင်းကစားအိမ်နှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်သိရှိသည့် အချက်ကိုဖြစ်စေ၊ သတင်းပေးချက်ကိုဖြစ်စေ အပိုဒ် ၆ နှင့်အညီ ရေးမှတ်ပြီးနောက် အောက်ပါအချက်များပါဝင်သည့် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း(ပုံစံ-က)ကို ထုတ်ပေးရမည်–
(က) ဝင်ရောက်ရှာဖွေဖမ်းဆီးရမည့် လောင်းကစားအိမ်တည်ရာ နေရပ်လိပ်စာနှင့် အိမ်ရှင်တို့၏ အမည်၊
(ခ) ဝရမ်း စတင်ထုတ်ပေးသည့် ရက်စွဲနှင့် ဝရမ်းသက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊
**မှတ်ချက်။** ထိုသို့ ထုတ်ပေးသည့် ဝရမ်းသက်တမ်းသည် ဝရမ်းစတင်ထုတ်ပေးသည့်နေ့မှ ၁၄ ရက်ထက်ကျော်လွန်ခြင်း မရှိစေရ။
(ဂ) ဝရမ်းထုတ်ပေးခွင့်ရှိသူ၏ လက်မှတ်နှင့် ရုံးတံဆိပ်။

၁၃။ ဝရမ်းထုတ်ပေးခွင့်ရှိသူက ဝရမ်းထုတ်ပေးရာတွင် သီးခြားမှတ်တမ်းစာအုပ်၌ ရေးသွင်းပြီး အဆိုပါ မှတ်တမ်းစာအုပ်နှင့် စာရွက်စာတမ်းများကို လုံခြုံစွာထိန်းသိမ်းထားရမည်။

၁၄။ (က) ဝရမ်းနှင့်စပ်လျဉ်းပြီး တာဝန်ပေးအပ်ခြင်းခံရသူသည်–
(၁) လောင်းကစားခြင်းကို ဖမ်းဆီးရမိပါက လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ(ပုံစံ-ဂ)ဖြင့် ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။
(၂) လောင်းကစားခြင်းကို ဖမ်းဆီးရမိခြင်းမရှိပါက လောင်းကစားဝရမ်း အတည်မဖြစ်ကြောင်း အစီရင်ခံစာ [ပုံစံ-ဂ(၁)] ဖြင့် ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။
(ခ) အပိုဒ်ခွဲ(က) အရ ပြန်လည်တင်ပြသည့် အစီရင်ခံစာကိုရရှိလျှင် ဝရမ်းထုတ်ပေးသူသည် အမှုတွဲတွင် ပူးတွဲထားရမည်။

၁၅။ အပိုဒ် ၁၄ အရ လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်းအစီရင်ခံစာ(ပုံစံ-ဂ)ကို လက်ခံရရှိပါက အပိုဒ် ၁၂ အရ ဝရမ်းထုတ်ပေးသူသည်–
(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်လျှင် မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်လျှင် ခရိုင်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။
(ခ) မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးထံသို့ လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ရဲချုပ်ထံသို့လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။
(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးမှူး(မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး) သို့မဟုတ် ဒုတိယရဲချုပ်ဖြစ်လျှင် ရဲချုပ်ထံ တင်ပြရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# စားသောက်ကုန်နှင့် တန်ဖိုးသင့် ထမင်း၊ ဟင်းလျာများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး



နေပြည်တော် ဒီဇင်ဘာ ၁၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဝန်ထမ်းများသက်သာချောင်ချိရေး တန်ဖိုးသင့်ထမင်းဆိုင်မှ ထမင်းနှင့်ဟင်းလျာများ ရောင်းချပေးနေမှုနှင့် ဝန်ထမ်းများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး ဝက်သား၊ အမဲသား၊ ကြက်သား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥနှင့် ဟင်းသီးဟင်းရွက်များကို နေပြည်တော်ကောင်စီရုံးဝင်း၌ ရောင်းချပေးနေမှုနှင့် ဝန်ထမ်းများဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါစားသောက်ကုန်များ ရောင်းချရာတွင် ဒေသထွက် ဝက်သား၊ အမဲသား၊ ကြက်သား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥနှင့် ဟင်းသီးဟင်းရွက် စသည့် အခြေခံစားသောက်ကုန်များကို ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးသဖြင့် ဝန်ထမ်းများ ဝယ်ယူမှုများပြားကြောင်းနှင့် နေပြည်တော်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးကို အပြည်ပြည်ဆိုင်ရာ Belt & Road အစားအစာအဖြစ် သတ်မှတ်ဂုဏ်ပြု



ရန်ကုန် ဒီဇင်ဘာ ၁၄

ကမ္ဘာ့ငြိမ်းချမ်းရေးကို ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ Belt & Road အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်အရ မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးကို အပြည်ပြည်ဆိုင်ရာ Belt & Road အစားအစာအဖြစ် ဂုဏ်ပြုသတ်မှတ်ကြောင်း မြန်မာ့အနုပညာနှင့်ယဉ်ကျေးမှုအသင်းမှ သိရသည်။

အဆိုပါအပြည်ပြည်ဆိုင်ရာ Belt & Road နေ့သည် ဒီဇင်ဘာ ၁၆ ရက်တွင်ဖြစ်ပြီး Belt & Road (၁၀)နှစ်ပြည့် ဆုတောင်းပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးကို အပြည်ပြည်ဆိုင်ရာ Belt & Road အစားအစာအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာအစားအစာမုန့်ဟင်းခါးကို အပြည်ပြည်ဆိုင်ရာ Belt & Road အစားအစာအဖြစ် သတ်မှတ်ခြင်းဂုဏ်ပြုလွှာကို ဒီဇင်ဘာ ၁၂ ရက်တွင် အပြည်ပြည်ဆိုင်ရာ Belt & Road ဥက္ကဋ္ဌ Mr. Chen Entian က ရန်ကုန်မြို့ Wyndham Hotel ၌ မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်းအတွင်းရေးမှူး ဦးသန်းထွန်းစိုးထံ ပေးအပ်ခဲ့သည်။

ယင်းအပြင် အပြည်ပြည်ဆိုင်ရာ Belt & Road နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တွင် ဆီမီးထွန်း၊ ဆွမ်းကပ်၊ တရားနာဆုတောင်းပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

❖ ကျောဖုံးမှ

ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့၌ ကျင်းပသည်။

ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ယနေ့နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ(အမျိုးသမီး) ဘောလုံးပြိုင်ပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်တိုးရီ၊ ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်းနှင့် အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၇၅ | ၂၅၇၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၂၉၀၀ |
| 95 Ron | ၂၅၄၅ | ၂၅၈၅ | ၂၅၉၀ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၅ | ၂၆၀၀ | ၂၅၇၅ | ၂၆၇၅ | ၂၆၉၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၆၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၇ | ၂၄၀၇ |
| 95 Ron | ၂၄၂၄ | ၂၅၀၆ |
| HSD (500 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (50 ppm) | ၂၁၂၉ | ၂၂၀၁ |
| HSD (10 ppm) | ၂၁၃၃ | ၂၂၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၃၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၆ - ၁၂ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ်(၅၀)တွင် တစ်ကိုယ်ကောင်းဆန်သော ကျီးများနှင့် ကူညီတတ်သော သာလိကာလေးတို့ မိတ်ဆွေဖြစ်သွားကြပုံ၊ သူတို့၏ စုပေါင်းအားဖြင့် ရန်သူကို တိုက်ထုတ်ကြပုံအကြောင်း တင်ဆက်ထားသည့် "တစ်ကိုယ်ကောင်းဆန်သော ကျီးများ" မျက်နှာဖုံးကာတွန်း၊ ခုနစ်ထွေအကတွင် ပါဝင်သော မျောက်အကအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသော "ခုနစ်ထွေအက (မျောက်အက)" သုတဆောင်းပါးကဏ္ဍ၊ ပေးထားသော ရုပ်ပုံမှ အင်္ဂလိပ်စာလုံးများ၏ အဓိပ္ပာယ်ကို ဖြေဆိုနိုင်မည့် "ဉာဏ်စမ်း"ကဏ္ဍ၊ ဘွားညိုကို ပြက္ခဒိန်တွင် အမှတ်ခြစ်ရသက်သာအောင် ဝိုင်းကူခြစ်ပေးသော ပေါက်ကျော်အကြောင်း တင်ဆက်ထားသည့် "အလိုက်သိတဲ့ ပေါက်ကျော်" နှစ်မျက်နှာကာတွန်း၊ ပေ ၃၀ မြင့်သည့် လှေကား၏ အောက်ဆုံးအထစ်မှ ပြုတ်ကျ၍ ခြေထောက်နာသွားသော ရွှေဖဲအကြောင်း တင်ဆက်ထားသည့် "ရွှေဖဲ" တစ်မျက်နှာကာတွန်း၊ သူငယ်ချင်းအာနိုးထံမှ ရေခဲမုန့်ကို မျှဝေစားလိုသော်လည်း အာနိုးကို တောင်းဆိုရမှာ တွန့်ဆုတ်နေသည့် ဖြိုးရဲအကြောင်း တင်ဆက်ထားသည့် "မပြောချင်ဘူး" နှစ်မျက်နှာကာတွန်း၊ ဆူးကလေး အိမ်တွင် မွေးထားသော ခွေးလေးသည် သူ့တာဝန်သူကျေပွန်အောင် ဆောင်ရွက်သွားမည့်အကြောင်း တင်ဆက်ထားသည့် "တာဝန်ကိုယ်စီ" နှစ်မျက်နှာကာတွန်း၊ ကျောင်းသားလူငယ်များအတွက် စာဖတ်ခြင်း၏ အရေးကြီးပုံနှင့် စာကြည့်တိုက်ကို ပုံမှန်သွားရောက်၍ စာဖတ်ရှုသင့်ပုံကို ရေးဖွဲ့ထားသည့် "စာဖတ်ကြပါ" ကဗျာကဏ္ဍ၊ စာမတတ်သူပပျောက်ရေးအတွက် အဘဦးကြိုင်နီကို 'အ' သုံးလုံးသင်တန်း တက်သင့်ကြောင်း လိပ်ပုနှင့် သူ့သူငယ်ချင်းတို့ ဆွေးနွေးကြပုံကို တင်ဆက်ထားသည့် "အာတူးနဲ့လိပ်ပု" မျက်နှာဝက်ကာတွန်းကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## MGC 18th Junior Golf Open Championship 2023 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာဂေါက်ကလပ်က ကျင်းပသော MGC 18th Junior Golf Open Championship 2023 မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် ရန်ကုန်မြို့ ကိုးမိုင် ပြည်လမ်းရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံတစ်ဝန်းမှ ဂျူနီယာဂေါက်သီးရိုက် အားကစားသမားများသည် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ မြန်မာဂေါက်ကလပ် ဖုန်းနံပါတ် ၀၉-၄၄၄၈၀၉၀၀၆ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်ကြေး အခမဲ့သတ်မှတ်ထားကြောင်း သိရသည်။ **ကိုညီလေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)
## (နေပြည်တော်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန ၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | လစာနှုန်းထား | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|---|
| (က) | စက်မှုစီမံရေး(၂)/ စစ်ဆေးရေးမှူး(၂) | ၂၁၆၀၀၀၀-၂၀၀၀၀-၂၂၆၀၀၀၀ | B.E(Civil) B.E (Electrical Power)/ Electronics & Communication)/ (Mechanical)/ (Petroleum) | ကျား/မ (၃)နေရာ |
| (ခ) | ဓာတ်ခွဲကျွမ်းကျင်(၂) | ၂၁၆၀၀၀၀-၂၀၀၀၀-၂၂၆၀၀၀၀ | B.E(Chemical) B.Sc(Industrial Chemistry/Chemistry) | ကျား/မ (၄)နေရာ |
| (ဂ) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၂၁၆၀၀၀၀-၂၀၀၀၀-၂၂၆၀၀၀၀ | B.C.Sc | ကျား/မ (၃)နေရာ |
| (ဃ) | အငယ်တန်းစာရေး | ၁၈၀၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀၀ | ဘွဲ့တစ်ခုခုရရှိရမည်။ | ကျား/မ (၁၀)နေရာ |
| (င) | စာရင်းကိုင်(၄) | ၁၈၀၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး စာရင်းကိုင် ဒီပလိုမာလက်မှတ်တစ်ခုခုရရှိပြီးသူများအား ဦးစားပေးခန့်ထားမည်) | ကျား/မ (၅)နေရာ |
| (စ) | စက်မှုစီမံရေး(၄)/ စစ်ဆေးရေးမှူး(၄) | ၁၈၀၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀၀ | A.G.T.I(ဒီပလိုမာ) | ကျား/မ (၁၀)နေရာ |
| (ဆ) | ဒုတိယလက်ထောက်ဦးစီးမှူး | ၁၈၀၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀၀ | A.G.T.I(ဒီပလိုမာ)/T.H.S/ I.T.C/ဘွဲ့တစ်ခုခုရရှိရမည်။ | ကျား/မ (၃၅)နေရာ |
| (ဇ) | ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀၀ | ဘွဲ့တစ်ခုခု + ကွန်ပျူတာကျွမ်းကျင် | ကျား/မ (၁၀)နေရာ |
| (ဈ) | လုပ်သား | ၁၄၄၀၀၀၀-၂၀၀၀၀-၁၅၄၀၀၀၀ | အနည်းဆုံးပညာအရည်အချင်းအခြေခံပညာ အလယ်တန်းအောင်မြင်ရမည်။ | ကျား/မ (၂၀)နေရာ |

၂။ လစ်လပ်ရာထူးနေရာများအတွက် အောက်ပါအချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) လျှောက်ထားသူများသည် ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) လျှောက်ထားသူသည် လုပ်သားရာထူးဖြစ်ပါက ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

( င ) အမှတ်စဉ်(က)၊(ခ)၊(ဃ)၊(င)၊(စ)နှင့်(ဆ)ရာထူးတို့အတွက် ကွန်ပျူတာကျွမ်းကျင်သူ ဖြစ်ရမည်။

( စ ) ရွေးချယ်ခြင်းခံရသူများသည် ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာပုံစံများကို စွမ်းအင်ဝန်ကြီးဌာန၏ Website >> www.energy.gov.mm၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Website >> www. pprd. gov.mm နှင့် Facebook Page (@ info.pprd)တို့တွင်လည်းကောင်း Download ရယူနိုင်ပါသည်။

(လျှောက်လွှာရောင်းချခြင်း/ထုတ်ပေးခြင်းမပြုပါ) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာပါရှိရမည်-

(က) ပညာအရည်အချင်းအထောက်အထားမိတ္တူမှန်။ (စာမေးပွဲဖြေဆိုသည့်အခါ မူရင်းတင်ပြနိုင်ရမည်။) (ဘွဲ့လက်မှတ်၊ (၁၀) တန်းအောင်လက်မှတ်။)

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

( ဂ ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ။

(ဃ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း။ (တစ်လအတွင်း။)

(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း။ (တစ်လအတွင်း။)

(စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အသားဖော်ပြရန်။)

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

( ဇ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

(ဈ) ပြင်ပပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးခြင်း မရှိကြောင်းနှင့် အပြစ်ပေးအရေးယူခံရခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်။

၄။ လျှောက်လွှာများကို တင်သွင်းရာတွင်ညွှန်ကြားရေးမှူးချုပ်၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍သော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့လည်းကောင်း ၁၂-၁-၂၀၂၄ ရက်နေ့အရောက် ပေးပို့လျှောက်ထားရမည်။

၅။ သတ်မှတ်ထားသည့်စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အမှတ်စဉ်(က)မှ(ဇ)အထိ ရာထူးများသို့ လျှောက်ထားသူများအနေဖြင့် ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ကျင်းပမည့်နေ့ရက်၊ နေရာ၊ အချိန်နှင့် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား အထက်ပါ Website >>၊ Facebook Page>> တို့တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၇။ လက်တလောအခြေအနေများအရ ရေးဖြေစာမေးပွဲအား ရုံးအမှတ်(၆) နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများ (ကချင်ပြည်နယ်/ကယားပြည်နယ်/ကရင်ပြည်နယ်/ချင်းပြည်နယ်/ရခိုင်ပြည်နယ်/ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုး/စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှအပ) တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရေးဖြေ ဖြေဆိုလိုသည့်နေရာအား တိကျစွာ ထည့်သွင်းဖော်ပြလျှောက်ထားရမည်။

၈။ လုပ်သားရာထူးသို့ လျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ပြုလုပ်သွားမည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၁၄၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းအား အထက်ပါ Website နှင့် Facebook Page များတွင် ထုတ်ပြန်ကြေညာသွားပါမည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ မနော်စေးရာ(လ်)(ဘ)ဦးမြသိန်း [၁၂/ဥကမ(နိုင်)၂၀၅၀၇၅]၏ အမည်မှာ မနော်စေးရာ(လ်)နှင့် နော်စေးရာ(လ်) ဖြစ်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၇။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာအကြီးအကဲမှ တစ်ဆင့် ညွှန်ကြားရေးမှူးချုပ်(ဝန်ကြီးရုံး)၊ ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်သို့လည်းကောင်း၊ ကျန်လျှောက်လွှာတစ်စောင်ကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် ခရိုင်ဥပဒေရုံးသို့ လည်းကောင်း သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၁၄-၁-၂၀၂၄ ရက်နေ့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ၁၃-၁-၂၀၂၄ ရက်နေ့၌ ဥပဒေရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၅)၊ နေပြည်တော်တွင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း) ပြသ၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်။

၁၀။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရမည်-

(က) မြန်မာစာ + အထွေထွေဗဟုသုတ

(ခ) အင်္ဂလိပ်စာ+ ဥပဒေဘာသာရပ် [ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ခုနှစ်)၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ၊ ဆက်သွယ်ရေး ဥပဒေ)

၁၁။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

၁၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၁၄။ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**ဥပဒေရေးရာဝန်ကြီးဌာန**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ Engine (Assorted Type Engine & Engine Block) အဟောင်း (၁၂,၀၀၀)လုံးအား ဖြတ်တောက်/ဖြုတ်သိမ်းခြင်းနှင့် ခွဲခြားအပ်နှံခြင်း လုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် ယာဉ်အို/ယာဉ်ဟောင်းများမှ ရရှိသည့် Engine (Assorted Type Engine & Engine Block)အဟောင်း (၁၂,၀၀၀)လုံးအား ဖြတ်တောက်/ဖြုတ်သိမ်းခြင်းနှင့် ခွဲခြားအပ်နှံခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့် လူပုဂ္ဂိုလ်/ကုမ္ပဏီများအား ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၁၂-၂၀၂၃ ရက် (ရုံးချိန်အတွင်း)

၃။ တင်ဒါပိတ်ရက် - ၃၀-၁၂-၂၀၂၃ ရက် (၁၆:၀၀)နာရီ

၄။ တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစား၊ စက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

၅။ ဆက်သွယ်ရမည့် ဖုန်းနံပါတ် - ၀၆၇-၃၄၀၅၃၂၃

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ် (၂၁၈) ဟု ခေါ်တွင်သော ဦးပါလေး (AA -၁၀၁၂၄၁) အမည်ပေါက် မြေငှားဂရန်၊ မြေအကျယ် (၄၅'x ၆၀') အနက်မှ အမှတ် (၂၁၈/က) ၏ မြေအကျယ်ဖြစ်သော (၂၀'x ၆၀') အကျယ်ရှိ မြေကွက်ထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်သော ခြေရင်းဘက်ခြမ်း (၁၀' x ၆၀') အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မိုးအေး [၁၁/သတန(နိုင်)၀၄၅၃၄၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းဝိလိုင်း[၁၃/ကတန(နိုင်)၀၂၄၈၁၈] က အပြီးအပြတ်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ (၃၁-၁၂-၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့် ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှလှအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၁၁၄၃)**
**အမှတ် (၈၅/ခ)၊ ခေမာ (၅) လမ်း၊ (၄) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၀၂၅၀၈၈၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၅)လမ်း၊ အမှတ်(၁၇၃) မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ (၄)လွှာ(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၄×၅၀)ပေရှိ တိုက်ခန်းအား တရားဝင် ပိုင်ဆိုင်သူ ကန်ထရိုက်တာများဖြစ်သည့် **ဦးထွန်းအောင်** (၁၂/လမန(နိုင်)၁၇၇၄၉၅)၊ **ဦးအေးထွန်း(ခ) ကိုင်ဆောင်ရော်မန်** (၁၂/တမန(နိုင်)၀၉၀၉၀၇)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ **ဒေါ်ကြည်ကြည်နိုင်** (၁၂/ဥကတ(နိုင်)၁၅၃၉၃၇)က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှု အထောက်အထားမူရင်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ကြည်ကြည်နိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ် စုဝသန်ကျော် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၈၇/၅-၁၂-၂၀၁၉)
အမှတ်(၁၂၆)၊ နီလာလမ်း၊ (၅၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉၄၂၀၀၂၇၃၁၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ (၃၉)လမ်း၊ တိုက်အမှတ်(၅၀၄/၅၀၆)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အဦ၏ သတ္တမထပ်၊ အခန်း(၇၀၁)၊ (၃၉)လမ်းအိမ်ရာ၊ အကျယ်အဝန်း(၁၈ ပေ x ၅၈ ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မြင့်[၁၂/ပဘတ(ဧည့်)၀၀၀၆၂၂]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်လှ [၁၂/သကတ(နိုင်)၁၂၃၂၂]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်(၁၃-၁၂-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းမြင့်မော် (LL.B,WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၈၁)**
**အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၀၅၁၀၈၀၀၊ ၀၉-၆၇၃၉၅၈၉၈၂**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်-၁၃၀၊ (၄)လွှာ(က)တိုက်ခန်း၏ ပိုင်ဆိုင်သူ ဒေါ်အေးအေးသန်း[၁၂/သဃက(နိုင်)၀၆၅၂၆၀]ထံမှ ကျွန်ုပ်ဒေါ်သဲစုလှိုင် [၁၂/သဃက(နိုင်)၁၆၇၉၇၃]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သဲစုလှိုင်**
**[၁၂/သဃက(နိုင်)၁၆၇၉၇၃]**
**ဖုန်း-၀၉-၄၂၁၉၀၀၄၃၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝင်းမောင် [၁၂/မဂတ(နိုင်)၀၈၁၆၅၈]၏ ပတ်စ်ပို့နံပါတ်(MD-527655) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-962325951**

**မိဘမေတ္တာ**
**ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**
**09 422 848 224**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၇၇/က၊ မြေကွက်တည်နေရာအမှတ်(၇၇/က)၊ (၁၁)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်အေးရှင်[၁၂/ဥကတ(နိုင်)၀၄၆၄၃၆] အမည်ပေါက် နှစ် (၆၀) မြေငှား ဂရန်မြေအား အမည်ပေါက် ဒေါ်အေးရှင် (မိခင်)နှင့် ဦးမြင့်ဝေ (ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးမြင့်ဦး [၁၂/ဥကတ(နိုင်)၀၁၀၆၄၂]၊ ဒေါ်စန်းစန်းအေး [၁၂/ဥကတ(နိုင်)၀၄၆၄၃၇]၊ ဦးကျော်ကျော်စိုး[၁၂/ဥကတ(နိုင်)၀၄၆၄၃၈]၊ ဒေါ်မြင့်မြင့်အေး [၁၂/ဥကတ(နိုင်)၀၄၉၂၃]၊ ဒေါ်သီတာအေး[၁၂/ဥကတ(နိုင်)၀၄၉၂၁၅] တို့မှသား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ (ပိုင်ဆိုင်) မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ASCENZ MYANMAR COMPANY LIMITED"
## (၂၀၁၇) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ(၃၅၇)အရ
## (ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းဆဲ)
## နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ဖော်ပြပါ "ASCENZ MYANMAR COMPANY LIMITED" အစုရှင်များ၏ နောက်ဆုံးအစည်းအဝေးကို (၁၅-၁-၂၀၂၄)ရက် နံနက် (၉)နာရီတွင် အမှတ်(၁၁၆)၊ ပထမထပ်(ဘီ)၊ (၉၂)လမ်း၊ ကန်/ အရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**Daw Khin Thinn Kyu**
**B.Com,Q.C.P.A (PA-517)**
**Auditor & Liquidator**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ဦးဖေသင်လမ်း၊ အမှတ်(၇)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃-ထပ်ခွဲ ၅-ထပ်)တိုက်၏ မြေညီထပ် (ခေါင်းရင်းဘက်ခြမ်း)(၁၅ပေx၄၅ပေ)ရှိ တိုက်ခန်းကို ဝယ်ယူလက်ရှိထားပိုင်ဆိုင်၊ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးဝင်းဇော်ဦး[၁၂/ပဇတ(နိုင်)၀၃၅၁၄၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဦး[၁၀/မလမ(နိုင်)၂၆၀၃၄၂]က (၇-၁၂-၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် တိုက်ခန်း၏ အကျိုးခံစားခွင့်များနှင့်တကွ ပိုင်ဆိုင်မှုဆက်စပ်စာချုပ်များအားရယူကာ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်တင်ကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၆၉)**
**အမှတ်(၅၂)၊ မင်္ဂလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၄၃၉၂၁၁**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊ ကံဘဲ့တာဝါ၊ တိုက်- A၊ ၉ လွှာ၊ အခန်းအမှတ်(၀၁)၊ အကျယ်အဝန်း (၉၅၀.၇၈) စတုရန်းပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်အိသဥ္ဇာမိုး [၁၂/ရကန(နိုင်)၀၆၉၃၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဟိန်းဝေစိုး (LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၅၈၄)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၄၆၀၀၅၃**

## အများသိစေရန်ကြေညာချက်

ဒေါ်ဝါဝါဝင်း(ဘ)ဦးချစ်သန်း [၁၂/သဃက(နိုင်)၁၆၉၃၁၈]၊ အမှတ်-၂၅၉၊ အခန်း (၄)၊ ရန်အောင်(၆)လမ်း၊ ၂-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူက အမျိုးသားအဝတ်အထည်အမျိုးမျိုး၊ အမျိုးသမီးအဝတ်အထည်အမျိုးမျိုး၊ ကလေးအဝတ်အထည်အမျိုးမျိုးတို့အား အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ရောင်းချဖြန့်ချိသွားမည်ဖြစ်ပါသည်-

ရွှေမာလာ

ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသား ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လုံလောက်သော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား ဒေါ်ဝါဝါဝင်းက မှတ်ပုံတင်သွင်းခြင်းနှင့် သုံးစွဲခြင်းပြုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် B.A.(Law),LL.B.,DL Graduate(WIPO-Switzerland),Advocate(No.2269/82).**
**MAC Tower, ၅၆၁(ပထမထပ်)၊ ကုန်သည်လမ်း(၃၅လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်အေးမြင့်

### အသက်(၈၃)နှစ်

ဦးတင်အောင်မိုး (ဒါရိုက်တာ E Guard Environmental Services၊ အုပ်ချုပ်မှု ဒါရိုက်တာ United Forestry Services)၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်ခင်အေးမြင့် အသက် (၈၃)နှစ်သည် ၁၃-၁၂-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၃၅ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများမှ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**

**E Guard Environmental Services/ United Forestry Services**

## ဒေါ်ခင်အေးမြင့်

### အသက်(၈၃)နှစ်

မကွေးတိုင်းဒေသကြီး၊ မြင်ကွန်းမြို့ (ဦးဖြိုးညွန့်-ဒေါ်လှစိန်)တို့၏ သမီးငယ်၊ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ဒမငယ်ရွာ (ဦးဘိုးမင်း-ဒေါ်သန်းရွှေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၂၈-ရပ်ကွက်၊ အောင်သီရိ (၅) လမ်း၊ အိမ်အမှတ်(၇)နေ (ဦးအုန်းရှိန်၊ မြန်မာ့မီးရထား၊ လက်ထောက်အထွေထွေမန်နေဂျာ၊ သွား/လာ-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်မိုးမိုးဦး(မမကြီး)၊ ဦးတင်အောင်မိုး (ကိုချို)-ဒေါ်စိုးစိုးပြုံး၊ ဦးကျော်စိုးမိုး (ကိုလတ်)၊ ဦးလှမြတ်မိုး(ကိုလေး)၊ ဦးလှမြတ်စိုး (ကိုစိုး)- ဒေါ်ခင်ညိမ်းလင်း၊ ဦးဇော်မိုးထွေး(ကိုထွေး)တို့၏ မိခင်၊ မောင်ရဲစွမ်းမိုးခန့်(ဝမ်းစမိုး)၊ မောင်ရဲနိုင်မိုးခန့် (နိုနို)၊ မောင်ခန့်ကျော်ဇော(ဂျူလုံး)တို့၏ အဘွား ဒေါ်ခင်အေးမြင့်သည် ၁၃-၁၂-၂၀၂၃ ရက် ည ၉:၃၅ နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ပါ၍ ၁၅-၁၂-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်-၁၅ ရှိ (၂)ခန်းတွဲ (၆) ထပ်တိုက်၏ (၆)လွှာ(ခေါင်းရင်းခြမ်းအခန်း)၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးခန့်ဇင်ဟိန်း [၁၂/ဗတထ(နိုင်)၀၃၉၂၃၄]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြတ်သူ [၆/တသရ(နိုင်)၀၂၃၈၇၈]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါ သည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိမ်းမြညို LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၃၇)**
**အမှတ် - ၅၆၃၊ အခန်း (၁၀၄/၄)၊ ပထမထပ်၊ MAC Tower၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၂၆၁၁၁၅၂၂၈**

### ဦးထွန်းထွန်း [၁၂/မဂဒ(နိုင်)၀၈၉၃၃၆]၏ ၁၄-၁-၂၀၂၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၈)ပါ မင်္ဂလာဒုံမြို့နယ်၊ သစ္စာလမ်း၊ ရေကြည်အိုင်ရပ်ကွက်၊ အမှတ်(၅) မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် စပ်လျဉ်း၍ အများသိစေရန် အသိပေး ကြေညာခြင်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်လုံးဝမရှိဘဲ ကြေညာခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရေကြည်အိုင်ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ်(၅)နေ ဒေါ်ခင်ခင်မြိုင် [၁၂/မဂဒ(နိုင်)၀၈၆၅၂၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်မြိုင်သည် အထက်ဖော်ပြပါ မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော ဆက်စပ်စာချုပ် အဆက်ဆက်တို့ဖြင့် နှစ်ပေါင်း (၄၀)ကျော် နေထိုင်ပိုင်ဆိုင်သူဖြစ်ပါ၍ ဦးထွန်းထွန်းအနေဖြင့် အထက်ဖော်ပြပါ မြေနှင့်အိမ်အား အကျိုးခံစားခွင့်လုံးဝမရှိဘဲ ကြေညာခြင်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လတ်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၇၇)**
**တိုက်အမှတ်-၃၈၊ တစ်ကောင်ဘွားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉- ၄၂၁၉၆၈၀၄၉**

## ဦးမျိုးကျော်ကျော်ဦး(ခ)ဦးကျော်ကြီး

## ဦးချိုဆန်စက်

### အသက်(၅၁)နှစ်

ပုသိမ်မြို့၊ ကွမ်းခြံရပ်နေ (ဦးမျိုးဝေ)-ဒေါ်အုန်းကြည်(ခ)ဒေါ်အေးအေးလွင် တို့၏ သား၊ (ဦးသိန်းလွင်)-ဒေါ်မာစေ တို့၏သားသမက်၊ ဒေါ်နွေဦးခိုင် ၏ခင်ပွန်း၊ မောင်သက်အောင်ဇင် (Henry Oo)၊ မောင်ဘုန်းမြတ်ဟိန်း(Brian Oo) တို့၏ မွေးသဖခင်၊ ဦးရဲဝင်း-ဒေါက်တာ ဝင်းသီတာလွင် တို့၏မောင်၊ ဦးဇော်မျိုးလွင်-ဒေါက်တာသဇင်ဦး၊ ဦးသက်နိုင်ထွန်း-ဒေါက်တာ မြထွေးယဉ် တို့၏အစ်ကို ဦးမျိုးကျော်ကျော်ဦး(ခ)ဦးကျော်ကြီး သည် ၁၃-၁၂-၂၀၂၃ရက် ဒေသစံတော်ချိန် နံနက် ၁၁:၀၉နာရီတွင် Advocate Condell Medical Center (U.S.A) တွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ(ဘ) ဦးယဉ်မောင်ဦး [၉/မခန(နိုင်) ၀၂၇၅၁၁]၏ သမီး မသက်စုပိုင်၏ မွေးသက္ကရာဇ် အမှန်မှာ ၈-၆-၂၀၀၅ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကျေးရွာနေ မအိသန္တာအောင် မူလွန်ဖန်ချက်ကျောင်း Grade(5)၏ မိဘအမည်မှန်မှာ ဦးသိန်းဇော် မှတ်ပုံတင်အမှတ် [၁၂/သလန(နိုင်)၁၃၉၁၂၇] နှင့် ဒေါ်တင်နီလာဝင်း [၁၂/သလန(နိုင်)၁၀၀၈၀၀] ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာဝင်း LL.B (စဉ်-၃၇၀၂၅/၁၁)**
**အထက်တန်းရှေ့နေ**
**ဖုန်း- ၀၉-၄၂၀၄၉၁၆၆၊ ၀၉-၇၉၉၉၃၆၉၃၉**

### ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်၊ ပန်းခြံ(၂၁)ကာလီမန်ဘုရားကျောင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၆၈၄/က)၊ ဦးစိုးသူရအမည်ပေါက် မြေချပါမစ်(မူရင်း)၊ မြေအကျယ်အဝန်း အလျား(၂၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဌေးလွင်(ဘ)ဦးစံရွှေ [၇/သဝတ(နိုင်)၀၇၂၈၆၂]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမောင်မျိုး(ဘ)ဦးသန်းထွန်း[၈/ပခက(နိုင်)၁၉၁၆၇၃]က အပြီးအပိုင် ဝယ်ယူရန်အတွက်(စရန်ငွေ)တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး (LL.B,D.B.L)** | **ဒေါ်တင်တင်ညို (LL.B)** | **ဒေါ်နန့်အိဆုမွန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၇၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၄၀၁)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်ရန်ကြေညာခြင်း

စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ် (၃၀)၊ ၈-လွှာကွန်ဒိုတိုက်ခန်း၊ (၈ ½ တိုက်)တွင် ဦးဘင်ဗဟာဒူးနှင့် ဒေါ်ထွေးထွေးထွန်း မိသားစုများလက်ရှိနေထိုင်လျက်ရှိကြပြီး ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဦးဝေယံအောင် [၁၂/စခန(နိုင်)၀၆၆၂၁၁] နှင့် ဒေါ်အာကာပွင့်ဝေ [၁၂/စခန(နိုင်)၀၇၃၈၇၆] ကိုင်ဆောင်သူ ဇနီးမောင်နှံမှ အထက်ပါကွန်ဒိုတိုက်ခန်းသည် အပေါင်အနှံအရှုပ်အရှင်းကင်းကြောင်း၊ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိကြောင်း၊ အဆိုပြုရောင်းချရန်ကမ်းလှမ်းသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူရိန်လှိုင် [၁၂/တမန(နိုင်)၁၀၅၂၃၄] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်သည်။ အဆိုပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း သက်သေအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်မေကျော်**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၁၉၁)**
**အမှတ် (၁၂/A-1)၊ အင်းယားရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-5159363, 09-783704488**

### အယူခံမှုကို ဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ်-၁၃၇

| | |
|---|---|
| Hua One Co.,Ltd(၎င်း၏ကိုယ်စား နှင့် ဒေါ်မျိုးမျိုးသက်) | ၁။ ဒေါ်တင်တင်ဦး<br>၂။ ဦးဟန်ထွန်း<br>၃။ ဦးနေထွန်း<br>၄။ ဒေါ်မေမြတ်ထွန်း<br>၅။ ဒေါ်ဝေလွင်ထွန်း<br>[(၄)အယူခံတရားပြိုင်ကိုယ်တိုင်နှင့်(၁)(၂)(၃)(၅) အယူခံတရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ်)]<br>၆။ Mr.Tsaung Han Tsai |
| **(အယူခံတရားလို)** | **(အယူခံတရားပြိုင်များ)** |

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်စွဲပါ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၁၂/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၉-ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၈၉)နေ အယူခံတရားပြိုင်အမှတ်(၁)ဒေါ်တင်တင်ဦး၊ (၂)ဦးဟန်ထွန်း၊ (၃)ဦးနေထွန်း၊ (၄)ဒေါ်မေမြတ်ထွန်း၊ (၅)ဒေါ်ဝေလွင်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အပိုင်း(၅)ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်း၊ အမှတ်-၇၁၅နေ အယူခံတရားပြိုင် အမှတ်(၆) Mr.Tsaung Han Tsai(ယခုနေရပ်လိပ်စာမသိသူတို့)သိစေရမည်။

ယခုအမှုတွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်(၁၃၈၅ခုနှစ်၊ နတ်တော်လဆုတ် ၉ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာအဆောက်အဦး၊ တိုက်အမှတ်(B/14)၊ အခန်းအမှတ်(402)၊ စတုတ္ထထပ်၊ အကျယ်အဝန်း (၃၂ ပေ x ၄၂ ပေ)ရှိတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသောအဲကွန်း(၄)လုံး၊ ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **နော်ရွှန်းနီ (၁၂/အစန (နိုင်) ၂၂၅၆၉၀)** ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်သိဏ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၃၁၁၆)**
**တိုက်-5/B(304)၊ ရတနာမွန်အိမ်ရာ၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၈၃၂၃၁၅၆**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-K1)၊ မြေကွက်အမှတ်(V-၁၀၆)၊ ဧရိယာ (၀. ၀၄၃)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ မဟာဗန္ဓုလလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါ်သန်းသန်း[၁၂/ပဇတ(နိုင်)၀၀၈၇၅၁]၊ ဦးသိန်းဟန်(ခ)ဦးနိုင်ဘွား [၁၂/ပဇတ(နိုင်)၀၀၉၉၈၂]အမည်ပေါက်မြေအား (ဖခင်)ဖြစ်သူ ဦးဘဖိုး(ခ) ဦးဘဘိုးသည်(၉-၁၀-၁၉၉၃)ရက်နေ့တွင်(မိခင်)ဒေါ်သန်းသန်း ထက်စော၍ ကွယ်လွန်ခဲ့ပါကြောင်း၊ ပူးတွဲမြေအမည်ပေါက်(မိခင်)ဒေါ်သန်းသန်း [၁၂/ပဇတ(နိုင်)၀၀၈၇၅၁]သည်လည်း (၁၆-၆-၂၀၁၉)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါကြောင်း၊ မိခင်၊ ဖခင်တို့တွင် ဒေါ်နွယ်နွယ်၊ ဒေါ်ဖြူဖြူ၊ ဦးမောင်မောင်တို့သားသမီး(၃)ဦးကိုသာ မွေးဖွားခဲ့ပါကြောင်း၊ သားသမီးများအနက် ဒေါ်နွယ်နွယ်သည် (၃၀-၇-၂၀၂၁)ရက်နေ့တွင် အိမ်ထောင်မရှိအပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပါကြောင်း၊ ကိတ္တိမသား/သမီးတစ်ဦးတစ်ယောက်မျှ မွေးစားခဲ့ခြင်းလည်းမရှိခဲ့ပါကြောင်း၊ မိခင်၊ ဖခင်တို့တွင် ကွယ်လွန်သွားသော အစ်မကြီး အပါအဝင်သားသမီး(၃)ဦးကိုသာမွေးဖွားခဲ့ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော သားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမမွေးစား သားသမီးတစ်ဦးတစ်ယောက်မျှ မွေးစားခဲ့ခြင်းလည်းမရှိပါကြောင်း၊ မြေအမည်ပေါက်မိခင်၊ ဖခင်၊ အစ်မကြီးတို့ ကွယ်လွန်ပြီးနောက် မိခင်ဒေါ်သန်းသန်းနှင့် မောင်ဖြစ်သူပူးတွဲပိုင်ဆိုင်လျက်ရှိသော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အနက် (မိခင်) ဒေါ်သန်းသန်း၏အစုအဖို့ကို ၎င်း၏တရားဝင်သားသမီးများဖြစ်သော ဒေါ်ဖြူဖြူ [၁၂/ပဇတ(နိုင်)၀၀၉၅၄၀]၊ ဦးမောင်မောင်[၁၂/ပဇတ(နိုင်)၀၀၉၇၂၉]တို့ကသာ အခြားအမွေစား အမွေခံမရှိ၊ ဗမာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသေစာရင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဦးဘဘိုး၏ သေစာရင်းရှာဖွေမတွေ့ရှိကြောင်း အကြောင်းပြန်ကြားစာ၊ (ဖခင်) ဦးဘဘိုးသည်(၉-၁၀-၁၉၉၃)ရက်နေ့တွင် ကွယ်လွန်သွားသည်မှာ မှန်ကန်ကြောင်း (၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထပ်ဆင့်ထောက်ခံချက်တို့ကို တင်ပြ၍ ကျန်ပူးတွဲအမည်ပေါက် တစ်ဦးဖြစ်သူဦးသိန်းဟန်(ခ)ဦးနိုင်ဘွား [၁၂/ပဇတ(နိုင်)၀၀၉၉၈၂]နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်စိုးမြင့်
### အသက်(၇၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၁၉၄)နေ (ဦးမောင်ငယ်-ဒေါ်အေးသွယ်)တို့၏ သမီး၊ (ဗိုလ်မှူး ကြည်မြင့်)၏ဇနီး၊ ဒေါ်စပယ်-ဦးသိန်းထိုက်၊ ဦးအေးချမ်း၊ ဦးစိုးသီဟ-ဒေါ်မို့မို့ထွဋ်၊ ဦးကျော်နိုင်ဦးတို့၏ မွေးသမိခင် ကျေးဇူးရှင် ဒေါ်ခင်စိုးမြင့် အသက်(၇၄)နှစ်သည် ၁၀-၁၂-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၂၃ (တနင်္လာနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီပြုံး (မဟာစည်ယောဂီဟောင်း)
### အသက် (၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်(၅၃)၊ ပထမထပ်နေ (ဦးကျော်ငြိမ်း-ဒေါ်စိန်)တို့၏ တူမ၊ (ဦးမောင်မောင်တင် - ဒေါ်သောင်းတင်)တို့၏ သမီးကြီး၊ ဦးလှခိုင် (ဒုတိယပါမောက္ခချုပ်-စီမံ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်-ရန်ကုန်)-ဒေါ်ရီရီလွင်၊ ဦးသင်းလှိုင်-ဒေါ်သီဂီလွင်၊ ဦးတင်အောင်ဝင်း-ဒေါ်ညွန့်ညွန့်ဌေးတို့၏ အစ်မကြီး၊ တူ/တူမ မြေးယောက်တို့၏ အကြီးသည် ၁၄-၁၂-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၀:၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး တင်နိုင်ထွန်း(ငြိမ်း)
### (OTS-91)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ [ဦးထွန်းထွန်းမြတ် (ခ) ဦးတင်ဝင်း]-ဒေါ်သန်းဆွေတို့၏ သား၊ ဦးခင်မောင်ကွန့်-ဒေါ်နုနုခင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ ရပ်ကွက်၊ တကောင်း (၅)လမ်း၊ အိမ်အမှတ် (၆၈၀)နေ ဒေါ်မေမြတ်ခိုင်၏ ခင်ပွန်း၊ မောင်ကျော်မျိုးနိုင်၊ မမြတ်မိုးမြင့်တို့၏ဖခင် ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး တင်နိုင်ထွန်း(ငြိမ်း)သည် ၁၄-၁၂-၂၀၂၃ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၆-၁၂-၂၀၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၂၃ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား သိရှိနိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး တင်နိုင်ထွန်း(ငြိမ်း)
### (OTS-91)
### အသက်(၅၄)နှစ်

ဒုတိယဗိုလ်မှူးကြီး တင်နိုင်ထွန်း(ငြိမ်း) OTS-91၊ အသက် (၅၄)နှစ်သည် ၁၄-၁၂-၂၀၂၃ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**OTS-91 မှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တက္ကသီလာလမ်း၊ အမှတ် (၃၆၃)၊ ဒေါ်ခင်စန်းညွန့် မြေချပါမစ် အမည်ပေါက်သည့် မြေအကျယ် ပေ(၄၀x၆၀)ရှိ မြေကွက်၏ခေါင်းရင်းဘက်အခြမ်း (၂၀ပေx ၆၀ပေ)၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးလှမိုး [၁၂/ရကန(နိုင်)၀၂၆၅၂၆]၊ ဦးနန်းဝေ [၁၂/ရကန (နိုင်) ၀၂၇၈၂၇]တို့မှ တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာ၍ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ပေးချေထားပြီးဖြစ်သဖြင့် ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုဇာမော်**
**အထက်တန်းရှေ့နေ (စဉ်-၃၉၅၀၄)**
**LL.B, D.B.L, D.I.L**
**အမှတ်(၂၁)၊ ၄-လွှာ၊ ဘန္ဓာပင်လမ်း၊ ထီးတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-43169323**

### အလ္လာအရှင်မြတ် အမိန့်တော်ခံယူခြင်း
## ဦးအောင်စိန်(ခ)မိုဟာမက်ဟူစိန်(ခ)ကိုကိုလေး
### အသက် (၈၉) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အကွက်(၉)၊ ခဲလည်မြောက်ရပ်၊ အမှတ် (၁၃၁)၊ ရွှေဘုံသာလမ်းနေ (ဦးထွန်းဝင်း-ဒေါ်ရှင်)တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကံကော်လမ်း၊ အပိုင်း(၁)၊ ပေါက်ကုန်းနေ ဒေါ်မီမီလွင် (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန-ငြိမ်း)၏ခင်ပွန်း ဦးအောင်စိန်သည် ၁၃-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၂၀ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပြီး ဖြစ်ပါသဖြင့် ၁၃-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့)တွင် ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း၊ ကန်၊ သာသနာ့ဒါယကာ
## ဆရာကြီး ဦးအေးသိန်း
### အ.ထ.ပြ-ငြိမ်း၊ တံခွန်တိုင်ရွာ-ရွှေကျင်မြို့
### အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ (ဦးသန်းမောင်-ဒေါ်မိ)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်ခင်မြိုင်)တို့၏ သားသမက်၊ ရွှေကျင်မြို့နေ (ဦးဝင်းတင်)-ဒေါ်ဝင်းတင်တို့၏ ညီ/မောင်၊ ဦးကြည်အေး-ဒေါ်ပြုံးကြည်၊ ဦးတင့်လွင်-ဒေါ်ဝင်းနုတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန် (၄)လမ်း၊ အမှတ်(၁၇၉/ခ) နေ ဒေါ်ခင်သိန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ တံခွန်တိုင်ကျေးရွာနေ ဦးလှမိုးခိုင်-ဒေါ်ဝင်းမင်းအေး၊ ဒေါ်သင်းသင်းအေး၊ ဦးအောင်မျိုးသူ-ဒေါ်ထိုက်ထိုက်အေး၊ ဒေါ်အိအိသိမ့်တို့၏ ဖခင်၊ မြေး ငါးယောက်တို့၏အဘိုး ဦးအေးသိန်းသည် ၁၃-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၅-၁၂-၂၀၂၃ (သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်းဦး
### B.Sc(Botany)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ (ဦးကျော်တင့်-ဒေါ်ခင်ညိုမြင့်)တို့၏ သား၊ ဒေါ်ဖြူဖြူဝေ၏ ခင်ပွန်းဟောင်း၊ မစိမ့်ရည်မွန်ဦး၊ ကိုနေနီထက်အောင်-မယမင်းသော်ဦး၊ (မောင်ဝေမင်းကျော်ဦး)၊ မပုလဲဖြူဦးတို့၏ဖခင်သည် ၁၃-၁၂-၂၀၂၃ ရက် ည ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၂၃ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## မခင်ချိုလှ(ခ)မချို
### အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၉/၁၃၆)နေ ဦးတင်လှ-ဒေါ်သိန်းနွဲ့တို့၏ သမီးကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ လုပ်သားလမ်းသွယ်၊ အမှတ် (၁၅/၁)နေ ဦးဘိုဖြူ-(ဒေါ်နန်းပန်းရင်)တို့၏ သမီးချွေးမ၊ ကိုသန့်ဇော်-မနှစ်ဆန်းလှရွှေ၊ ကိုအောင်မြိုးသိန်း-မမေသန္တာစိုး၊ မသက်နွယ်သိန်းတို့၏အစ်မ၊ ကိုမျိုးဇော်ဦး-မမိသီ၊ မနှင်းဝေလှိုင်တို့၏ ညီမ၊ ကိုဇင်မင်းဦး(ခ) ကိုဖိုးဇင်တို့၏ ချစ်လှစွာသောဇနီး၊ မောင်စစ်မင်းအောင်၊ မောင်အောင်ချမ်းငြိမ်းတို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၃-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁၂-၂၀၂၃ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၂၃ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၉၊ မြေကွက်အမှတ်(၅၀၀)၊ အကျယ်အဝန်း(အလျား ၄၀'×အနံ ၆၀')ရှိ ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအုန်းမြင့် (CG-၀၂၉၁၇၈)အမည်ပေါက် ပါမစ်မြေကွက်အား အရပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးကျော်စိုး(၁၂/သဃက(နိုင်) ၀၈၄၆၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူ များသည် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေငြာစာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်အေးအေးမူ(စဉ်-၈၂၃) (၁၀-၅-၂၀၁၂)
LL.B, D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ
တိုက်-၉/၁၁၊မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၁၃၉၉၁

## ဒေါ်လှရီ
### အထက်တန်းပြဆရာမ(ငြိမ်း)၊ သုဝဏ္ဏ
### B.Ed(1975)
### အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မီးဒုံးလမ်း၊ တိုက်(၁၁၇)၊ အခန်း(၃)နေ [ဦးညီရှေ-ဒေါ်ခင်ညွန့် (ရခိုင်ပြည်နယ်၊ ကျိုက်လီမြို့)]တို့၏ သမီးလတ်၊ (ဦးထွန်းကြည်)-ဒေါ်စောမြင့်တို့၏ ညီမ၊ (ဦးလှကို)-ဒေါ်လဲ့လဲ့ဝေတို့၏အစ်မ၊ ဦးမောင်မောင်ခင်၏ ဇနီး၊ ဦးကျော်ခိုင်လင်း၊ ဦးကျော်ကျော်လွင်-ဒေါ်ထက်ထက်ထွန်း၊ ဦးမြတ်သီဟကျော်-ဒေါ်မေသူထက်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မသုမြတ်မွန်မွန်သာ၊ မောင်သန့်ထက်လွင်အောင်တို့၏ ချစ်လှစွာသောအမေကြီး ဒေါ်လှရီသည် ၁၃-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၂၃ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၂၃ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ကြည်
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ် (၈၈/က)နေ (ဦးချစ်ခင်-ဒေါ်တင်တင်)တို့၏ သား၊ (ဦးဆန်းထွေး-ဒေါ်ခင်ချို)တို့၏ သားသမက်၊ ဒေါက်တာဦးစိုးအောင်-ဒေါ်သန်းသန်းညွန့်၊ ဒေါက်တာဦးခင်လှ-(ဒေါ်မာဂရက်သောင်း)၊ ဒေါ်လှလှခင်၊ (ဦးအောင်ထွန်း)-ဒေါ်ပြုံးပြုံးရီတို့၏ ညီ/မောင်၊ ဒေါက်တာဝင်းမော်-ဒေါ်ခင်သန်းမော်၊ ဒေါ်တင်တင်တိုး၊ ဒေါ်ယဉ်ယဉ်စိုးတို့၏ အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေး၊ ဒေါ်ပြုံးပြုံးဆင့်၏ ခင်ပွန်း၊ မနွယ်နီအောင် (Product Service Channel Division-Yoma Bank)၊ မောင်ဖြိုးသီဟတို့၏ မွေးသဖခင် ကျေးဇူးရှင်သည် ၁၄-၁၂-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၂:၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက် သွားပါသဖြင့် ၁၆-၁၂-၂၀၂၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## နတ်လူသာခုခေါ်စေသော်

ဦးအုန်းဖေ (ဖိုးလေး)၊ ရာသက်ပန်
စစ်ကိုင်းကျောင်းသားဟောင်း၊
ကွယ်လွန်ခြင်း(၃၃)နှစ်ပြည့် အမှတ်တရ
လှူဒါန်းမှုအစုစုကို အမျှပေးဝေပြီး
ရောက်ရာဘုံဘဝမှ သာခုခေါ်ဆိုပါ။

**ဒေါ်အေးအေးသိန်း(ဖွားလေး)**
**တူ/တူမ၊ မြေး/မြစ် မိသားစုကောင်းမှု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁ P)၊ မြေကွက် အမှတ် (V-၆၀၇)၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ် (၃၇)၊ ၁၂၆-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁။ ဒေါ်ခင်သန်း(ခ) အိုက်ရှာဘီ [၁၂/မဂတ(နိုင်)၀၁၅၆၁၄]၊ ၂။ ဒေါ်ခင်ရွှေဦး [၁၂/မဂတ(နိုင်)၀၁၅၁၃၈]၊ ဦးစန်းအောင် [၁၂/မဂတ(နိုင်)၀၁၄၇၆၁]၊ ၄။ ဦးဇေယျာအောင် [၁၂/မဂတ(နိုင်) ၀၁၆၂၉၂] အမည်ပေါက် နှစ်(၉၀)မြေငှားဂရန် မြေအား အမည်ပေါက် (၄)ဦးအနက် တစ်ဦးဖြစ်သူ ဒေါ်ခင်သန်း (ခ) အိုက်ရှာဘီ (မိခင်)ကွယ်လွန်၊ ဒေါ်ခင်သန်း(ခ) အိုက်ရှာဘီ၏ ခင်ပွန်းဖြစ်သူ ဦးရွှေသာအောင် (ဖခင်)ကွယ်လွန်၊ ကျန်အမည်ပေါက် (၃)ဦးတွင် (၂)ဦးဖြစ်သူ ဒေါ်ခင်ရွှေဦးသည် အပျိုကြီးဘဝဖြင့်ကွယ်လွန်၊ ဦးစန်းအောင် သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ၎င်းတို့၏ သားအရင်း၊ မွေးချင်းမောင်/ ညီအရင်းဖြစ်သူ၊ ပူးတွဲအမည်ပေါက်တစ်ဦးလည်းဖြစ်သော ဦးဇေယျာအောင် [၁၂/မဂတ(နိုင်)၀၁၆၂၉၂]မှ ကွယ်လွန်သူများတွင် အမွေဆက်ခံခွင့်ရှိသူအဖြစ် သားအရင်း၊ မွေးချင်းမောင်/ညီအရင်းဖြစ်သူ ၎င်းတစ်ဦးတည်းသာလျှင် ကျန်ရှိခဲ့ပြီး အခြားသော သားသမီးအရင်းနှင့် မွေးချင်းညီအစ်ကို မောင်နှမအရင်း တစ်ဦး တစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း၊ ကွယ်လွန်သူတို့သည် အစ္စလာမ် ဘာသာ ကိုးကွယ်သူများဖြစ်ကြသော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာ တစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ ကွယ်လွန်သူ ပူးတွဲ အမည်ပေါက် ပိုင်ရှင် မိခင်၊ အစ်မ၊ အစ်ကိုဖြစ်သူတို့နှင့် မိမိတို့သည် အစ္စလာမ် ဘာသာ ကိုးကွယ်သူများဖြစ်ကြသဖြင့် မိခင်၊ အစ်မ၊ အစ်ကိုဖြစ်သူတို့ ကွယ်လွန်ပြီး နောက် ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှ ဒေါ်ခင်သန်း(ခ) အိုက်ရှာဘီ(မိခင်)၊ ဒေါ်ခင်ရွှေဦး(အစ်မ)၊ ဦးစန်းအောင်(အစ်ကို)တို့၏ ပိုင်ဆိုင်ခွင့် အစုအား သားအရင်း၊ မွေးချင်းမောင်/ညီအရင်းဖြစ်သူ မိမိတစ်ဦးတည်းကသာလျှင် အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတစ်ဦးတည်းမှလွဲ၍ အခြားသောအမွေဆက်ခံ ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်ရွှေဦး၊ ဦးစန်းအောင်တို့၏ သေဆုံးမှုလက်မှတ်မိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ် (၉၀)ဂရန်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် မြေခွန်ပြေစာတို့အားတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် (၅၉၄)၊ မြေကွက်တည်နေရာအမှတ် (၅၉၄)၊ သဇင်မြိုင်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြောက် (ဦးတင်ရွှေ ISN. ၁၀၅၂၄၈) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဦးမြင့်စိုးဦး၊ ဦးမြင့်ဇော်၊ ဦးစိုးမိုးအောင်၊ ဦးဝင်းထိုက်၊ ဒေါ်ခင်ရွှေဦးတို့အား တရားပြိုင်ထားကာ ဒေါ်ချိုမာဦးမှ တရားလိုပြုလုပ်၍ ဒဂုံမြောက်မြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ်- ၁၁၄/၂၀၂၂ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း ပေ(၂၀x၆၀)အား အနိုင်ဒီကရီချမှတ်သည့် (၆- ၃-၂၀၂၃)ရက်စွဲပါ စီရင်ချက်ဒီကရီနှင့် တရားမဇာရီမှုအမှတ် (၃၈/၂၀၂၃)တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် (၁၃/တကန(နိုင်)၀၀၃၄၁၉)မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့ တင်ပြ၍ အရောင်းအဝယ် (Portion) စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စားရေရိက္ခာသည် လူတိုင်းအတွက်လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားနပ်ရိက္ခာလုံခြုံရေး(Food Security)မှာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေ...**

❖ **မိမိတို့နိုင်ငံအနေဖြင့်လည်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါ်များရေးကို အလေးထားဆောင်ရွက်လျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ကြေညာချက်**

**၂၀၂၃-ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်**

၂၀၂၄ ခုနှစ်၊ မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်-

**၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၁၁-၃-၂၀၂၄ တနင်္လာနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | မြန်မာစာ |
| ၁၂-၃-၂၀၂၄ အင်္ဂါနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၃-၃-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | သင်္ချာ |
| ၁၄-၃-၂၀၂၄ ကြာသပတေးနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ဓာတုဗေဒ/ပထဝီဝင် |
| ၁၅-၃-၂၀၂၄ သောကြာနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၁၆-၃-၂၀၂၄ စနေနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ဇီဝဗေဒ/ဘောဂဗေဒ |
| ၁၈-၃-၂၀၂၄ တနင်္လာနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | လူမှုရေးသိပ္ပံ |
| ၁၉-၃-၂၀၂၄ အင်္ဂါနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | စိတ်ကြိုက်မြန်မာစာ |

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၄

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှုရရှိစေရေးနှင့် ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာ လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေး ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

**ထိုင်းရောက်မြန်မာလုပ်သားများ ဝင်ငွေခွန်ထမ်းဆောင်ရာတွင် အထွေထွေလုပ်သားများက လစဉ်အခွန် ဘတ် ၁၅၀ နှင့် ကုမ္ပဏီလုပ်သားများအပါအဝင် White Collar များက လစဉ် ၈၂၂ ဘတ် ပေးဆောင်ရမည်**

စာမျက်နှာ » ၅

**မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးကို အပြည်ပြည်ဆိုင်ရာ Belt & Road အစားအစာအဖြစ် သတ်မှတ်ဂုဏ်ပြု**

စာမျက်နှာ » ၁၈

**လောင်းလုံးမြို့နယ် ညင်းမော်ရွာကို စစ်တပ်က ဝင်ရောက်စီးနင်းပြီး သိန်း ၅၀၀ ကျော် တန်ဖိုးရှိ ပြည်သူပိုင်ပစ္စည်းများကို ဓားပြတိုက်ခိုးယူသွားဟု တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit Media မှ ကောလာဟလသတင်း ရေးသားဖြန့်ဝေ**

စာမျက်နှာ » ၁၄

## ရာသီပိတ်နောက်ဆုံးပွဲတွင် မဟာယူနိုက်တက်အသင်း အမှတ်ပြည့်ရရှိ



မဟာယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဒီဇင်ဘာ ၁၄

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၂၂)ပထမနေ့ကို ဒီဇင်ဘာ ၁၄ ရက်က YUSC ကွင်း၌ ကျင်းပရာ မဟာယူနိုက်တက်အသင်းက GFA အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မဟာယူနိုက်တက်အသင်းသည် ရာသီပြီးဆုံးခါနီး နောက်ဆုံးနှစ်ပွဲဆက် အနိုင်ယူပြီး ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် မျှော်လင့်ချက်ရှိလာသည်။

ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းမှ သက်နိုင်က ရရှိသည်။ ပွဲကုန် ၂၂ ပွဲစီ ကစားအပြီးတွင် မဟာယူနိုက်တက်အသင်းက ရမှတ် ၃၀၊ GFA အသင်းက ၁၂ မှတ် ရရှိခဲ့သည်။

ပွဲစဉ်(၂၂) ဒုတိယနေ့ကို ဒီဇင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှေ့ဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားအသင်းနှင့် ကချင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**